မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၂၄ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၆၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မာကီးယန်ချူချတ် ၄င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ယူကရိန်းနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော်　ဇွန်　၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မာကီးယန်ချူချတ်သည် ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၄င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး မစ္စတာ မာကီးယန်ချူချတ်အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၂၄ ရက်)

နိုင်ငံတော်၊ စက်မှုနှင့် သုတေသနပညာရှင်များပူးပေါင်း စက်မှုနိုင်ငံတော်အဖြစ် တက်လှမ်းရောက်ရှိနိုင်ရန် လက်တွဲကြိုးပမ်း

နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် အကြီးစားစက်မှုလုပ်ငန်းများမှအပ ကျန်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ်လည်းကောင်း၊ ဖက်စပ်လုပ်ငန်းအဖြစ်လည်းကောင်း ဆောင်ရွက်လုပ်ကိုင်ခွင့်ပြုခဲ့သည်။

ပြည်ထောင်စုတစ်ဝန်း စက်မှုနယ်မြေများ၌ စက်မှုဇုန်ကြီး ၁၈ဇုန် ဖွဲ့စည်းထူထောင်ထားပြီး ကျွမ်းကျင်သူများ၊ နည်းပညာနှင့် ငွေကြေး အကူအညီများ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

မကွေးစက်မှုနယ်မြေ၌ Heavy Turbo Truck ထုတ်လုပ်မှုစက်ရုံစီမံကိန်း၊ Gear & Transmission ထုတ်လုပ်မှုစက်ရုံ စီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိပြီး မော်တော်ယာဉ်များနှင့် Transmission System (Gear) Box များ ထုတ်လုပ်သွားမည်ဖြစ်သည်။ ထို့ပြင် စက်မှုသင်တန်းကျောင်း (မကွေး) တည်ဆောက်၍ မော်တော်ယာဉ်ဆိုင်ရာပညာရပ်များ သင်ကြားပို့ချပေးရန် စီစဉ်ထားသည်။

ယခင်က ဘီ-၆၀၀၊ တီ-၂၀၀၀၊ တီအီး-၁၁ စသည်ဖြင့် မော်တော်ယာဉ်အမျိုးမျိုးကို ထုတ်လုပ်နိုင်ခဲ့သော်လည်း ယာဉ်တစ်စီးလုံး ထုတ်လုပ်သည့်အဆင့်အထိ မဆောင်ရွက်နိုင်ခဲ့ချေ။ ယခုအခါ ကုန်တင်မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းကို နည်းပညာရယူနိုင်သည့် မိခင်ဇာတိဌာန အဖြစ်ခံယူ၍ မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုကို ထိရောက်အောင်မြင်ရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းနှင့်ဆက်စပ်နေသော အခြားစက်မှုလုပ်ငန်းများကိုလည်း သာဂရစက်မှုနယ်မြေ၌ တည်ထောင်ပြီးဖြစ်သည်။ မော်တော်ယာဉ်ထုတ်လုပ်သည့်လုပ်ငန်းကို နိုင်ငံတော်အပိုင်းက ဆောင်ရွက်သည်သာမက ဒေသအလိုက် ပုဂ္ဂလိကစက်မှုဇုန်များမှ တိုင်းရင်းသားလုပ်ငန်းရှင်များလက်ဝယ်သို့ နည်းပညာများရောက်ရှိရန် ဆက်လက်လွှဲပြောင်းပေးမည်ဖြစ်၍ တိုင်းရင်းသားလုပ်ငန်းရှင်များက မော်တော်ယာဉ်များကို ပိုင်ပိုင်နိုင်နိုင် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၊ စက်မှုပညာရှင်များနှင့် သုတေသနပညာရှင်များသည် ဘက်ပေါင်းစုံ၌ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုပါက မကြာမီကာလ၌ စက်မှုနိုင်ငံတော်အဖြစ်သို့ တက်လှမ်းရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ-လာအို ချစ်ကြည်ရေးတံတားနှင့် ဆက်သွယ်မည့် လမ်းကိစ္စများ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် လာအိုနိုင်ငံ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီး ဆွေးနွေး

နေပြည်တော် ဇွန် ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီး H.E.Mr. Sommad Pholsena နှင့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၁ရက် မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-လာအို နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားနှင့် ဆက်သွယ်မည့် လမ်းကိစ္စရပ်များ၊ မဲခေါင်မြစ် ဖြတ်၍ ရေကာတာတည်ဆောက်ရေးနှင့် ရေအား လျှပ်စစ်ထုတ်ယူရေးကိစ္စများ၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးအတွက် လေကြောင်းပို့ဆောင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေး ဝန်ကြီး H.E. Mr. Pholsena နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(ဆောက်လုပ်ရေး)

ဒေါ်ယဉ်မြသွယ် တစ်လပြည့်အား ရည်စူး၍ ငယ်သူငယ်ချင်းများက ဆေးပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

Marlins English for Seafarers သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၂၃

MSI (Maritime Services International Co., Ltd.) က ကြီးမှူး၍ Marlins English for Seafarers သင်တန်းများကို ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info Tech အဆောင် ၁ အခန်း ၈ရှိ Maritime Training Centre (Hlaing) ၏ Marlins Approved Test Centre တွင် ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်သည်။

အဆိုပါသင်တန်းသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်းသွား သင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်မည့်သူများနှင့် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ် သင်ကြားမည့် သင်တန်းများဖြစ်သည်။

သင်ကြားပို့ချ

ယခုဖွင့်လှစ်မည့် ဤသင်တန်းသည် International Maritime Organization (IMO) အသိအမှတ်ပြု Marlins English for Seafarers သင်တန်းများဖြစ်သည်။ တက်ရောက် သင်ကြားကြမည့် သင်တန်းသားများအား Marlins Head Office (Glasgow, UK) က ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားပို့ချပေးမည်ဖြစ်ပြီး စာမေးပွဲများကိုလည်း Online စနစ်ဖြင့် သင်တန်းကျောင်းရှိ Marlins Approved Test Centre ၌ တိုက်ရိုက်ဖြေဆိုရမည် ဖြစ်သည်။

တိုက်ရိုက်ပေးအပ်

စာမေးပွဲဖြေဆိုအောင်မြင်သူများအား Marlins Head Office (Glasgow, UK) က အောင်လက်မှတ်များကို တိုက်ရိုက်ပေးအပ်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်း

သင်တန်းများကို ဇူလိုင်လအတွင်း ဖွင့်လှစ်ရန် စီစဉ်လျက်ရှိရာ တက်ရောက်သင်ကြားလိုသူများအနေဖြင့် Maritime Training Centre (Hlaing) ဖုန်း- ၀၁-၇၀၃၂၃၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ ဓမ္မသုတ
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဦးတေဇိန္ဒ** (သွေးဆေးကန်ဆရာတော် ဟောကြားတော်မူသော တရားတော်)
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Navitas Global Education Day)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၆)
၈:၃၀ **နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသဆီသို့....** (အပိုင်း-၁)
၈:၅၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ နတ်ဖက်တဲ့စုံတွဲများ
၉:၂၀ Activities in the City [အမက(၁၅) မြောက်ဥက္ကလာပ၏ အာစရိယပူဇော်ပွဲ]
၉:၃၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၀:၁၅ အမြင်ဆန်းတင့်သပ်ရပ်ခံ့ထည် အလှဆင်မယ်
၁၀:၂၅ ဈေးဝယ်လမ်းညွှန် (Cover Girl)
၁၀:၅၅ **ကလေးများအတွက် အကောင်းဆုံး** ရီဝေယံ၊ မင်းရာဇာ၊ အကယ်ဒမီပန်းဖြူ၊ ကလေးသရုပ်ဆောင် ဖြိုးသူရကျော် (ဒါရိုက်တာ-မင်းစိုးသီဟ)
၁၁:၁၅ MRTV-4 ကျန်းမာရေးကဏ္ဍ ၄က်ဖျားရောဂါအကြောင်း သိကောင်းစရာ (ပါမောက္ခ ဒေါက်တာချစ်စိုး၊ ဒေါက်တာ ဇင်မေရှင်း၊ ဒေါက်တာချစ်သုဝေ၊ ချမ်းငြိမ်းသူ၊)
၁၂:၀၀ လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး....
၁၂:၂၀ မြန်မာကြိုက် နံ့သာဖြူပရုတ်ဆီ
၁၂:၃၅ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၂) (ကလေးများနှင့်ကင်ဆာရောဂါ)
၁:၀၀ **ဦးတေဇိန္ဒ** (သွေးဆေးကန်ဆရာတော် ဟောကြားတော်မူသော တရားတော်)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (Romantic Couple-1)
၃:၂၅ ကွမ်းစားခြင်းနှင့် ခံတွင်းရောဂါအန္တရာယ် (ပါမောက္ခဦးမြသော်)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၆)
၄:၁၀ Activities in the City [အမက(၁၅) မြောက်ဥက္ကလာပ၏ အာစရိယပူဇော်ပွဲ]
၄:၂၅ **ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ** (သရုပ်ဆောင်ဒါရိုက်တာ အကယ်ဒမီ ထွန်းထွန်းနိုင်) (အပိုင်း-၂)
၄:၅၀ ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၅:၁၀ **နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသဆီသို့....** (အပိုင်း-၁)
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ အနုပညာမိုးကောင်းကင်
၆:၄၅ မြန်မာ့လက်မှုအနုပညာ (ထန်းပန်းချီ+ ကျောက်စီပန်းချီ)
၇:၀၀ Fashion Music Festival (Romantic Couple-1)
၇:၃၅ ဈေးဝယ်လမ်းညွှန် (Cover Girl)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်-Lဆိုင်းဇီ)
၈:၅၅ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၆)
၁၀:၀၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၂) (ကလေးများနှင့်ကင်ဆာရောဂါ)
၁၀:၂၅ Sports World
၁၀:၄၅ **ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ** (သရုပ်ဆောင်ဒါရိုက်တာ အကယ်ဒမီ ထွန်းထွန်းနိုင်) (အပိုင်း-၂)
၁၁:၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ နတ်ဖက်တဲ့စုံတွဲများ
၁၁:၃၅ မြန်မာ့လက်မှုအနုပညာ (ထန်းပန်းချီ+ ကျောက်စီပန်းချီ)
၁၁:၅၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်-Lဆိုင်းဇီ)
၁၂:၁၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စက်မှု(၂)ဝန်ကြီးဌာနက အသစ်ထုတ်လုပ်လိုက်သည့် မော်တော်ယာဉ်များနှင့် နေရောင်ခြည်စွမ်းအင်သုံး (Solar)ဖြင့် ဆက်စပ်သုံးနိုင်သည့် ပစ္စည်းများခင်းကျင်းပြသ

အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရန်စီမံထား

နေရောင်ခြည်စွမ်းအင်သုံးပစ္စည်း

အမှတ်(၂)စက်မှုဝန်ကြီးဌာနက အသစ်ထုတ်လုပ်လိုက်သည့် မော်တော်ယာဉ်များနှင့် နေရောင်ခြည်စွမ်းအင်သုံး(Solar) ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့် ပစ္စည်းများ ပြပွဲ၌ ခင်းကျင်းပြသထားသော ပစ္စည်းများကို ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၃

အမှတ်(၂)စက်မှုဝန်ကြီးဌာနက အသစ်ထုတ်လုပ်လိုက်သည့် မော်တော်ယာဉ်များနှင့် နေရောင်ခြည်စွမ်းအင်သုံး(Solar)ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့် ပစ္စည်းများဖြစ်သော ဘက်ထရီခြောက်များ၊ ပြုပြင်ထိန်းသိမ်းရန်မလိုအပ်သည့် သက်တမ်းကြာရှည်ခံ ဘက်ထရီများ၊ LED မီးသီးအမျိုးမျိုးနှင့် တပ်ဆင်ထုတ်လုပ်နေသည့် Controller နှင့် Inverter များပြပွဲကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာနရုံး၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါပြပွဲသို့ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးဦးစိုးသာ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ သစ်တောဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်၊ ရှေ့နေချုပ် ဦးအေးမောင်နှင့် ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း သတင်းဂျာနယ်များမှ တာဝန်ခံများ၊ သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြပွဲတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်သည့် Myanmar Double Cab မော်တော်ကား၊ Myanmar Single Cab မော်တော်ကား၊ Sport Utility Vehicle (SUV) မော်တော်ကား၊ Myanmar Station Wagon (MSW) မော်တော်ကား၊ Myanmar Micro Bus (15-Seater) မော်တော်ကား၊ Myanmar Mini Bus (29-Seater)မော်တော်ကား၊ Pathfinder မော်တော်ကား၊ Estate Wagon Jeep မော်တော်ကားများ နေရောင်ခြည်စွမ်းအင်သုံး (Solar)ပြားဖြင့် ဆက်စပ်အသုံးပြုနိုင်သည့် ပစ္စည်းများဖြစ်သော ဘက်ထရီခြောက်များ၊ ပြုပြင်ထိန်းသိမ်းရန်မလိုအပ်သည့် သက်တမ်းကြာရှည်ခံ ဘက်ထရီများ၊ LED မီးသီးအမျိုးမျိုး၊ တပ်ဆင်ထုတ်လုပ်နေသည့် Controller နှင့် Inverter များကို ပြသထားသည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနက အသစ်ထုတ်လုပ်လိုက်သည့် မော်တော်ယာဉ်များနှင့် နေရောင်ခြည်စွမ်းအင်သုံး(Solar) ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့် ပစ္စည်းများ ပြပွဲတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်းမှ ထုတ်လုပ်သည့် မော်တော်ယာဉ်အချို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

စီမံဆောင်ရွက်

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်းမှ ယခု အသစ်ထုတ်လုပ်လိုက်သည့် မော်တော်ယာဉ်အမျိုးမျိုးသည် အများပြည်သူများအသုံးပြုနိုင်ရန် ရည်ရွယ်၍ ထုတ်လုပ်ခြင်းဖြစ်ပြီး အရည်အသွေးကောင်းမွန်၍ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရန်အတွက် စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်များကို မြန်မာ့မော်တော်ယာဉ်နှင့်ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ရန်ကုန်)နှင့် အမှတ်(၂) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ထုံးဘို)တို့မှ ထုတ်လုပ်လျက်ရှိပြီး နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာနရုံး အရောင်းဌာနနှင့် အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ရန်ကုန်)တို့တွင် ရောင်းချပေးရန် စီမံလျက်ရှိကြောင်း သိရသည်။

ထို့အပြင် နေရောင်ခြည်စွမ်းအင်သုံး Solar ဖြင့် ဆက်စပ် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဒေသအနှံ့ရှိ အများပြည်သူများ အသုံးပြုနိုင်စေရန်အတွက် ရည်ရွယ်ပြီး ယခု Solar System Package များကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တွင်ကျယ်စွာအသုံးပြုနိုင်

သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ပြီး Power အမျိုးမျိုးရှိသည့် Solar Complete Set နှင့် Solar Street Light များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးထားသည့်အတွက် မြို့ပြနှင့်ကျေးလက်နေပြည်သူများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် ရုံးဌာနများ၌ တွင်ကျယ်စွာ အသုံးပြုနိုင်သည်။

လျှပ်စစ်ဓာတ်အား မရရှိသေးသော ဒေသများအနေဖြင့် အန္တရာယ်ကင်းစွာဖြင့် နေရောင်ခြည်စွမ်းအင်သုံး Solar System မှ အလင်းရောင်ကို ရယူသုံးစွဲနိုင်သည့်အပြင် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲလျက်ရှိသည့် ပြည်သူများအနေဖြင့်လည်း Solar System ကို ဖြည့်စွက်အသုံးပြုခြင်းအားဖြင့် ရေရှည်တွင်ကုန်ကျစရိတ်သက်သာစေပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ထုတ်လုပ်နေ

မြန်မာနိုင်ငံ၏ ရာသီဥတုအနေဖြင့် တစ်နှစ်ပတ်လုံး နေစွမ်းအင်ကို ရရှိသည့်အတွက် အများပြည်သူများ အနေဖြင့် လွယ်ကူမှုရှိပြီး နေရောင်ခြည်စွမ်းအင်ကို အပြည့်အဝ အသုံးပြုစေရန် ရည်ရွယ်ချက်ဖြင့် ယခု Solar System Package များကို ထုတ်လုပ်နေခြင်းဖြစ်သည်။

လျှပ်စစ်ဓာတ်အားမရရှိသော ဝေးလံသည့် ဒေသများတွင် ကျေးလက်ဒေသသုံးအနေဖြင့် 3 Watt Energy Saving မီးသီးရှစ်လုံး သို့မဟုတ် 5 Watt Energy Saving မီးသီးလေးလုံး ပါဝင်သည့် 21 Watt Solar Package တစ်စုံကို ငွေကျပ် ၁၇၅၀၀၀ ဈေးနှုန်းဖြင့် လည်းကောင်း၊ မြို့ပြတွင်လည်း အသုံးပြုနိုင်သည့် 3 Watt Energy Saving မီးသီး ၁၂လုံး သို့မဟုတ် 5 Watt Energy Saving မီးသီးရှစ်လုံး သို့မဟုတ် 7 Watt Energy Saving မီးသီးခြောက်လုံး ပါဝင်သည့် 40 Watt Solar Package

စာမျက်နှာ ၇ ကော်လံ ၅ ❍

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အမှတ်(၂)စက်မှုဝန်ကြီးဌာနက အသစ်ထုတ်လုပ်လိုက်သည့် မော်တော်ယာဉ်များနှင့် နေရောင်ခြည်စွမ်းအင်သုံး (Solar) ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့်ပစ္စည်းများပြပွဲတွင် ခင်းကျင်းပြသထားသော ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

24-6 (03).pmd 1 6/24/2010, 1:51 AM

အီရတ် - အာဖဂန် သတင်းများ

အီရတ်နှင့်အာဖဂန် စစ်အသုံးစရိတ် ဗြိတိန်က ပေါင်စတာလင် ၂၀ဘီလီယံသုံးစွဲနေရ

အာဖဂန်မှ ဗြိတိသျှတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေး ပြည်သူများတောင်းဆို

လန်ဒန် ဇွန် ၂၃

၂၀၀၁ခုနှစ် ဧပြီလကတည်းက အီရတ်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့၌ ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ပွဲများ၏ဒဏ်ကြောင့် တိုက်ခိုက်ရေးလုပ်ငန်းများနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဗြိတိန်နိုင်ငံက ပေါင်စတာလင်ဘီလီယံ ၂၀ကျော်ပေးရကြောင်း အစိုးရအဖွဲ့က ဇွန် ၂၀ရက်တွင် ထုတ်ဖော်ပြောကြားသည်။

လက်ရှိအခြေအနေတွင် အီရတ်နိုင်ငံအတွက် ပေါင်စတာလင် ၉ဒသမ၂၄ဘီလီယံနှင့် အာဖဂန်နစ္စတန်နိုင်ငံအတွက် ပေါင်စတာလင် ၁၁ဒသမ ၁ဘီလီယံသုံးစွဲလျက်ရှိသည်ဟု ဆိုသည်။ ထိုအသုံးစရိတ်များထဲတွင် ဗြိတိန်နိုင်ငံမှတပ်ဖွဲ့ဝင်များ၏ လစာစရိတ်နှင့် ဒဏ်ရာရရှိသူများအား ဆေးဝါးကုသစရိတ်များမပါဝင်ကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။

တပ်ဖြန့်ချ

အာဖဂန်နစ္စတန်နိုင်ငံရှိ အခြေစိုက်စခန်းများ၌ ဗြိတိသျှတပ်ဖွဲ့ဝင်ပေါင်း ၁၀၀၀၀ အား တပ်ဖြန့်ချထားလျက်ရှိခြင်းကြောင့် ကုန်ကျစရိတ်များ ဆက်လက်မြင့်တက်နိုင်သည်ဟု ပြည်နယ်မီဒီယာများက သတင်းထုတ်ပြန်သည်။

ဗြိတိန်နိုင်ငံ၏ ပြည်သူ့ကဏ္ဍအသုံးစရိတ်များကို ပေါင်စတာလင် ခြောက်ဘီလီယံ ကျော်ဖြတ်တောက်ခြင်းကြောင့် ထောင်ပေါင်းများစွာသော အလုပ်အကိုင်များ၌ ထိခိုက်ခဲ့သော်လည်း စစ်အသုံးစရိတ်လျှော့ချမှုမရှိခြင်းကြောင့် ပြည်သူများအနေဖြင့် အစိုးရအပေါ် ယုံကြည်မှုရနိုင်စေရဲ့လားဟု မေးခွန်းများထုတ်လာကြသည်ဟု ဆိုသည်။ အထက်ပါ အသုံးစရိတ်များနှင့်ပတ်သက်၍ ဇွန် ၂၂ရက်က ဗြိတိန်နိုင်ငံ အရေးပေါ်ရသုံးမှန်းခြေဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

သတင်းထုတ်ပြန်

သို့ဖြစ်ရာ အာဖဂန်နစ္စတန်မှ ဗြိတိသျှတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရေးအတွက် ဝန်ကြီးရုံးအပြင်ဘက်၌ ဆန္ဒပြတောင်းဆိုမှုများ ဖြစ်ပေါ်လာနိုင်သည်ဟု အဆိုပါဌာနက သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၂၃ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၁၉၆၇ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၉၁၆၃ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၁၉၆၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၉၁၆၃ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇွန် ၂၃

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၂၃ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၉၂၄ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၄၅၇ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၉၂၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၄၅၇ ဦး

(အင်တာနက်)

အီရတ်၌ အကြမ်းဖက်မှုများအဆက်မပြတ်ဖြစ်ပွား လူအမြောက်အမြား သေဆုံး၊ ဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဇွန် ၂၀ ရက် တစ်နေ့တည်းမှာပင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူအများအပြား သေဆုံး၊ ဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့က ဇွန် ၂၁ ရက်၌ ပြောကြားသည်။

ဘဂ္ဂဒက်မြို့လယ်ရှိ ပုဂ္ဂလိကဘဏ်၏ ယာဉ်ရပ်နားစခန်း၌ ဗုံးနှစ်လုံးပေါက်ကွဲသဖြင့် ၂၆ ဦးသေဆုံးပြီး ၅၃ဦး ဒဏ်ရာရရှိခဲ့သည်ဟု လုံခြုံရေးတပ်ဖွဲ့ အကြီးအကဲ ကက်စိန်အယ်လ်-မူဆာဝီက ပြောကြားသည်။ သေဆုံးသူများတွင်အနီးရှိ ပြည်ထဲရေးရုံးမှ လုံခြုံရေးအစောင့်နှစ်ဦး ပါဝင်သည်ဟု ဆိုသည်။

ဗုံးသုံးလုံးပေါက်ကွဲ

တစ်ချိန်တည်းမှာပင် ဘဂ္ဂဒက်မြို့ မြောက်ဘက် ဟူရီရာခရိုင်၌ လမ်းဘေးဗုံး သုံးလုံးပေါက်ကွဲသဖြင့် လေးဦးထက်မနည်း သေဆုံးကာ ၁၆ ဦး ဒဏ်ရာရရှိသည်။

ထိုနေ့မှာပင် ဘဂ္ဂဒက်မြို့လယ်၌ လွန်ခဲ့သည့် သီတင်းသုံးပတ်အတွင်းက သေဆုံးခဲ့သည်ဟုယူဆရသော အမျိုးသမီး ငါးဦး၏အလောင်းများကို အီရတ်ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိသည်။ **(အင်တာနက်)**

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှု ထပ်ဆင့်ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ ရှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်နိုင်ငံမြောက်ပိုင်း ရီရက်မြို့ရှိ လူစည်ကားရာဈေးကြီးကို ပစ်မှတ်ထား၍ ဗုံးဖောက်ခွဲမှုဖြစ်ပွားရာ ရှစ်ဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိကြောင်း ဇွန် ၂၁ရက်တွင် ပြည်နယ်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ယင်းဖြစ်ပွားမှုသည် ဘဂ္ဂဒက်မြို့ မြောက်ပိုင်း ကီလိုမီတာ ၃၀၀အကွာ၌ ဇွန်၂၀ရက်က အသေခံဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ပြီး သေဆုံးသူများတွင် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးနှင့် အရပ်သားနှစ်ဦးပါဝင်သည်။ ယင်းနေ့နံနက်စောစောပိုင်းကလည်း လမ်းဘေးဗုံး ပေါက်ကွဲသည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

အာဖဂန်စစ်ပွဲဆက်ရေး

ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးတိုက်တွန်း

ကင်ဘာရာ ဇွန် ၂၃

သီတင်းနှစ်ပတ်အတွင်းမှာပင် အာဖဂန်နစ္စတန်၌ ဩစတြေးလျတပ်ဖွဲ့ဝင် ငါးဦး သေဆုံးခဲ့သော်လည်း အာဖဂန်စစ်ပွဲကိုဆက်လက်ကူညီထောက်ပံ့ပေးသွားရန် ဩစတြေးလျ ကာကွယ်ရေးဝန်ကြီး ဂျိုးဖော့နာက ဩစတြေးလျလွှတ်တော်ကို ဇွန် ၂၂ရက်က တိုက်တွန်းလိုက်သည်။

၂၀၁၀ခုနှစ်ကုန်ပိုင်း၌ ဒတ်ချ်တပ်ဖွဲ့များ ဥရုဇ်ဂန်ပြည်နယ်မှဆုတ်ခွာရန် ပြင်ဆင်နေချိန်တွင် ကာကွယ်ရေးဝန်ကြီးက ယင်းကဲ့သို့တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ကူညီထောက်ပံ့

အာဖဂန်နစ္စတန်၌ ဩစတြေးလျတပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ခြင်းသည် အာဖဂန်စစ်ပွဲကို ဆက်လက်ကူညီထောက်ပံ့ရေးအတွက် စဉ်းစားချင့်ချိန်ဖွယ်ဖြစ်လာခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံအား နိုင်ငံတကာအကြမ်းဖက်သမားများ၏ လေ့ကျင့်အခြေစိုက်ရာနေရာအဖြစ် ပြန်လည်ဖြစ်လာနိုင်ဖွယ်ရှိသည့် အနေအထားမှ ကာကွယ်ရန်အတွက် ဩစတြေးလျလုံခြုံရေးတပ်ဖွဲ့က အကူအညီပေးသွားရမည်ဖြစ်ပြီး ယင်းသည် အလွန်အလေးထားရသည့် ကိစ္စရပ်တစ်ခုဖြစ်သည်ဟု ဂျိုးဖော့နာက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေးဆင်ဟွာ

ဒဏ်ရာရ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ အသေခံဗုံးဖောက်ခွဲမှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိသူ ကလေးငယ်တစ်ဦးအား ဇွန် ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး မဆုံးဖြတ်ရသေးဟု ပြောကြား

နယူးယောက် ဇွန် ၂၃

အမေရိကန်တပ်ဖွဲ့ဝင်အများအပြားကို အာဖဂန်နစ္စတန်နိုင်ငံမှ ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် ရုပ်သိမ်းမည်မဟုတ်ကြောင်း အမေရိကန်အစိုးရက ပြောကြားလိုက်သည်။ ယင်းပြောကြားချက်သည် သမ္မတအိုဘားမားက စောစောပိုင်းကပေးခဲ့သည့် ကတိကဝတ်နှင့် ဆန့်ကျင်ဖီလာဖြစ်လျက်ရှိကြောင်း ဇွန် ၂၁ရက်၌ မီဒီယာများက ဖော်ပြသည်။

အိုဘားမားပြောကြားခဲ့သည့် ကတိပြုချက်နှင့်အညီ အမေရိကန်အစိုးရက အမေရိကန်တပ်ဖွဲ့ဝင်များကို ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် စတင်ရုပ်သိမ်းမည်ဟူသည့် ထူးခြားစွာ ပြောကြားချက်များကို အမေရိကန် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က ဖောက်စ် သတင်းဌာနသို့ တွေ့ဆုံမေးမြန်းရာတွင် ချန်လှပ်ထားခဲ့သည်။

ယင်းပြဿနာကို လုံးဝဆုံးဖြတ်ရခြင်းမရှိသေးဟု ဂိတ်က ဆက်လက်ပြောကြားသည်။

အလေးထား

မည်သည့်ဆုံးဖြတ်ချက်မဆို အာဖဂန်နစ္စတန်နိုင်ငံ၏ အခြေအနေအပေါ်မူတည်၍ ချမှတ်သင့်သည်ဟု ၎င်းက အလေးထား ပြောကြားသည်။

အမေရိကန်ဦးဆောင်တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်တွင် တွန်းလှန်တိုက်ခိုက်မှုများဖြင့် ကြုံတွေ့နေရပြီး အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်များ ပိုမိုသေဆုံးလျက်ရှိစဉ် ယင်းပြောကြားချက် ပေါ်ထွက်လာခြင်းဖြစ်သည်။ **(အင်တာနက်)**

အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲ ပြည်နယ်ကောင်စီဝင် ဒဏ်ရာရရှိ

ဟာ့ဒ် ဇွန် ၂၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဖာဟာပြည်နယ်တွင် ဇွန် ၂၁ ရက်က စစ်သွေးကြွများ ထောင်ထားခဲ့သော လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပြည်နယ်ကောင်စီဝင်နှင့် သူ၏သား ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ လမ်းဘေးဗုံးပေါက်ကွဲမှုသည် ဇွန် ၂၁ ရက် နံနက် ၇နာရီခွဲတွင်ဖြစ်ပွားခဲ့ပြီး ပြည်နယ်ကောင်စီဝင် နာဆာကိုင်ပတ်နှင့် သူ၏သား ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး မိုဟာမက်ဂမ်ဆာ၏ ပြောကြားချက်ကို ဆင်ဟွာက ကိုးကားဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၁၀ ခုနှစ်အတွင်း တာလီဘန်စစ်သွေးကြွများက အရှိန်အဟုန်မြှင့်လှုပ်ရှားရန် သန္နိဋ္ဌာန်ချထားကြောင်း သတင်း၌ ဖော်ပြပါရှိသည်။

အမ်အင်န်အေးဆင်ဟွာ

ဂျီ-၂၀ထိပ်သီး အစည်းအဝေး၌ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု အလေးထားဆွေးနွေးရန် ကုလသမဂ္ဂတိုက်တွန်း

ဂျီနီဗာ ဇွန် ၂၃

ဂျီ -၂၀ ခေါင်းဆောင်များအနေဖြင့် လာမည့်ထိပ်သီးအစည်းအဝေး၌ ပြန်လည်ဦးမော့လာသည့် ကမ္ဘာ့စီးပွားရေးအခြေအနေကို ဆက်လက်ဖွံ့ဖြိုးတိုးတက်လာရေးနှင့်စပ်လျဉ်း၍ အလေးထား ဆွေးနွေးသွားကြစေလိုကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇွန် ၂၂ ရက်၌ တိုက်တွန်းလိုက်သည်။

ပြောကြား

မိမိတို့အနေဖြင့် အတွေ့အကြုံများအပေါ်အခြေခံပြီး ပြန်လည်ဦးမော့လာသည့် ကမ္ဘာ့စီးပွားရေး အခြေအနေ တိုးတက်မှုအတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားရမည်ဖြစ်ပြီး တောင့်တင်း၍ ရေရှည်ခိုင်မာသည့် ဘက်စုံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းသည် အကောင်းဆုံးနည်းလမ်းပင် ဖြစ်သည်ဟု မစ္စတာဘန်ကီမွန်းက ပြောကြားသည်။

(အင်တာနက်)

အမေရိကန်၊ ပြင်သစ်နှင့် ကနေဒါနိုင်ငံတို့သို့ ဆော်ဒီဘုရင် သွားရောက်မည်

ရီးယာ့ဒ် ဇွန် ၂၃

ဆော်ဒီဘုရင်အဗ္ဗဒူလာသည် ဝါရှင်တန်မြို့သို့ အလုပ်သဘောဆိုင်ရာသွားရောက်မည်ဖြစ်ပြီး အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့်အိမ်ဖြူတော်၌ ဇွန် ၂၉ရက်တွင် တွေ့ဆုံမည်ဖြစ်သည်။

ဆော်ဒီဘုရင်အဗ္ဗဒူလာ

သမ္မတအိုဘားမားနှင့် အဗ္ဗဒူလာတို့သည် နှစ်နိုင်ငံအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမည်ဖြစ်ပြီး တစ်ကမ္ဘာလုံးနှင့် ဒေသတွင်းရေးရာကိစ္စရပ်တို့ကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း အိမ်ဖြူတော်မှပြောရေးဆိုခွင့်ရှိသူ ရောဘတ်က ဇွန် ၂၀ရက်တွင် ပြောကြားသည်။

ပါရီ

ပြင်သစ်နိုင်ငံ၌ ဇူလိုင်လတွင် ကျင်းပမည့် နိုင်ငံတော်အခမ်းအနားတစ်ရပ်၌ သမ္မတဆာကိုဇီ၏ အထူးဂုဏ်သရေရှိဧည့်သည်တော်အဖြစ် ဖိတ်ကြားချက်အရ အဗ္ဗဒူလာသည် ပါရီမြို့သို့သွားရောက်ရန်လည်း စီစဉ်ထားသည်ဟုဆိုသည်။

တိုရွန်တို

ထို့ပြင် ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ဇွန် ၂၆ရက်တွင် ကျင်းပမည့် ဂျီ-၂၀ထိပ်သီး အစည်းအဝေးသို့လည်း တက်ရောက်မည်ဖြစ်သည်။

(အင်တာနက်)

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိဈေးကြီး မီးလောင်မှုဖြစ်ပွားပြီးနောက် ရှင်းလင်းရေးဆောင်ရွက်နေသည်ကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ပါကစ္စတန်တွင် စစ်သွေးကြွများတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

အစ္စလမ္မာဘတ် ဇွန် ၂၃

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းဒေသ၌ အကြမ်းဖက် တိုက်ခိုက်မှုများမြင့်တက်နေချိန်တွင် စစ်သွေးကြွများ၏ ချောင်းမြောင်း တိုက်ခိုက်မှုကြောင့် ပါကစ္စတန် တပ်ဖွဲ့ဝင်သုံးဦးသေဆုံးကြောင်း အင်တာနက်သတင်း၌ ဇွန် ၂၂ရက်က ဖော်ပြသည်။ လူမျိုးစုများနေထိုင်ရာ အိုရက်ဇိုင်းခရိုင်ရှိ ကာရာကျေးရွာတွင် တိုက်ခိုက်ခြင်းဖြစ်သည်ဟု ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုအတွင်း တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရရှိခဲ့ကြသည်ဟု ပါကစ္စတန်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ယင်းတိုက်ခိုက်မှုကြောင့် ပါကစ္စတန်တပ်ဖွဲ့နှင့် တာလီဘန်လိုလားသည့်စစ်သွေးကြွများအတွက် မီးမောင်းထိုးပေးသလိုဖြစ်ပြီး မကြာခဏ တိုက်ခိုက်လျက်ရှိကြသည်။

ချောင်းမြောင်း

လုံခြုံရေးတပ်ဖွဲ့ဝင်များက အိုရက်ဇိုင်းခရိုင်နှင့် အနီးဝန်းကျင်ရှိဒေသများကို ထိုးစစ်ဆင်ရာ စစ်သွေးကြွများ ဒါဇင်နှင့်ချီ၍ သေဆုံးခဲ့ပြီး နောက်တစ်ရက်တွင် ချောင်းမြောင်းတိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

အမေရိကန်၌ လေယာဉ်ငယ်ပျက်ကျ သုံးဦးသေဆုံး

ဝါရှင်တန် ဇွန် ၂၃

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် ဇွန် ၂၁ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့သဖြင့် သုံးဦးသေဆုံးသွားသည်ဟု ပြည်နယ်မီဒီယာဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါလေယာဉ်ငယ်သည် ဟာဘင်န်ဝီလုံ့ဂျီပစ်ပါမင်မိုရယ်လေဆိပ်တွင် မြေပြင်ပေါ်သို့ ဆင်းသက်ရန်ကြိုးစားစဉ် ဗင်ကားသုံးစီးနှင့် အိမ်တစ်လုံးကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပေါ်တွင် လိုက်ပါလာသူသုံးဦးသေဆုံးခဲ့ပြီး မြေပြင်မှ လူများဒဏ်ရာရရှိသည်ဟု သတင်း၌ဖော်ပြသည်။

သတင်းထုတ်ပြန်

အဆိုပါဖြစ်ပွားမှုကို ယခုတိုင်စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း ပြည်နယ်ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကင်းထောက်လေယာဉ်

အေဒင်ပင်လယ်ကွေ့၌ တာဝန်ထမ်းဆောင်မည့် တရုတ်ရေတပ်မှ ကင်းထောက်လေယာဉ်တစ်စင်းကို ဇွန် ၂၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ချီကာဂို၌ သေနတ်သမားပစ်ခတ်မှု လူ ၄၀သေဆုံး

ချီကာဂို ဇွန် ၂၃

အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် ပြီးခဲ့သည့် ရက်သတ္တပတ်အားလပ်ရက်၌ သေနတ်သမားတစ်ဦး၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူ ၄၀ အပစ်ခံရကြောင်း ရဲတပ်ဖွဲ့က ဇွန် ၂၂ရက်တွင် ပြောကြားသည်။

လွတ်မြောက်

၄င်းပစ်ခတ်ခံရသူများထဲတွင် တစ်နှစ်အရွယ် မိန်းကလေးတစ်ဦးပါဝင်ပြီး နားရွက်တွင်ဒဏ်ရာရရှိသွားသည့်အတွက် အီလီနွိုက်တက္ကသိုလ်ဆေးဌာနတွင် ကုသမှုခံယူပြီးနောက် ဆေးရုံမှဆင်းသွားပြီဖြစ်သည်။ ထို့ပြင် နောက်ထပ်ပစ်ခတ်မှုတစ်ခု၌ အသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦး နောက်ကျောတွင်ဒဏ်ရာရရှိပြီး ဆေးရုံပေါ်တွင်ပင် သေဆုံးသွားကြောင်း သိရသည်။ အကြမ်းဖက်သမားမှာ လွတ်မြောက်နေဆဲဖြစ်သည်။

ပတ်သက်ဆက်နွှယ်

ချီကာဂိုမြို့၌ မကြာမီလများအတွင်း အဆိုပါပစ်ခတ်မှုမှာ ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ပထမအကြိမ်သည် မေလအတွင်းကဖြစ်ပွားသော ပစ်ခတ်မှု ၂၂ခုအနက် တစ်ဝက်မှာ အုပ်စုဖွဲ့ဂိုဏ်းဂဏများနှင့် ပတ်သက်ဆက်နွှယ်နေကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် စုစည်းသည်

အိန္ဒိယတောင်ပိုင်း၌ ယာဉ်မတော်တဆမှု ၁၈ဦးသေဆုံး

အိန္ဒိယနိုင်ငံတောင်ပိုင်း ဝါရမ်ဂယ်မြို့အနီးတွင် လက်ထပ်ပွဲမှ ပြန်လာသော ဘတ်စ်ကားတစ်စီး ဇွန် ၂၃ရက်၌ မတော်တဆမှုဖြစ်ပွားရာ ၁၈ ဦးသေဆုံးခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။

ကွန်ဂိုလေယာဉ်ပျက်ကျမှု ဗြိတိသျှနှစ်ဦးပါဝင်

ကွန်ဂိုနိုင်ငံ ယန်ဂါဘူမြို့အနီး၌ ဇွန် ၂၂ရက်က ပျက်ကျခဲ့သော လေယာဉ်တွင် ဗြိတိသျှနှစ်ဦးပါဝင်ကြောင်း၊ စုစုပေါင်းသေဆုံးသူမှာ ၁၁ဦးဖြစ်ကြောင်း ကွန်ဂိုအရာရှိများက ဇွန် ၂၃ရက်၌ ပြောကြားသည်။

တာလီဘန်များကို အကြမ်းဖက်စာရင်းမှ ပယ်ဖျက်မည်

တာလီဘန်များကို အကြမ်းဖက်သမားစာရင်းမှ ပယ်ဖျက်ပေးရန် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း၏ တောင်းဆိုမှုကို ကုလသမဂ္ဂက သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဇွန် ၂၃ရက်၌ အာဖဂန်အရာရှိများက သတင်းထုတ်ပြန်သည်။

တူရကီ အစ္စတန်ဘူလ်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ဇွန် ၂၃ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း အစ္စတန်ဘူလ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပင်လယ်နီကမ်းလွန်၌ ရေနံများရှင်းလင်း

အီဂျစ်နိုင်ငံကမ်းလွန် ပင်လယ်နီရေပြင်အတွင်း ပျံ့နှံ့နေသော ရေနံများကို ၈၀ ရာခိုင်နှုန်းရှင်းလင်းပြီးဖြစ်ကြောင်း၊ အပန်းဖြေခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နေပြီဖြစ်ကြောင်း အီဂျစ်ကမ်းခြေလုံခြုံရေးအရာရှိများက ဇွန် ၂၃ရက်၌ ပြောကြားသည်။

ကွန်ဂိုတောင်ပိုင်း၌ ရထားတိုက်မှု ခရီးသည် ၆၀သေဆုံး

ကွန်ဂိုနိုင်ငံတောင်ပိုင်း ဘာရာဇာမီလီမြို့တွင် ဇွန် ၂၃ ရက်က ရထားနှစ်စင်းတိုက်မှုဖြစ်ပွားရာ ခရီးသည် ၆၀သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကွန်ဂိုရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

(အောက်ပုံ)

ပါလက်စတိုင်းနေအိမ်များဖျက်ဆီးမှု အာရပ်အဖွဲ့ချုပ်ရှုတ်ချ

ဂျေရုဆလင်ရှိ ပါလက်စတိုင်းနေအိမ် ၂၂လုံးကို အစ္စရေးတို့က ဖျက်ဆီးရန်ဆုံးဖြတ်ချက်အပေါ် အာရပ်အဖွဲ့ချုပ်က ဇွန် ၂၃ရက်၌ ပြစ်တင်ရှုတ်ချလိုက်ကြောင်း သတင်းထုတ်ပြန်သည်။

အိန္ဒိယမြေအောက်ရထား တရုတ်ထုတ်လုပ်မည်

အိန္ဒိယနိုင်ငံတွင်အသုံးပြုမည့် ကာဗွန်ဒိုင်အောက်ဆိုက်ထွက်ရှိမှု နည်းပါးသည့် မြေအောက်ရထားများကို တရုတ်နိုင်ငံကျူကျို့ကုမ္ပဏီက တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယရထားလုပ်ငန်းအရာရှိများက ဇွန် ၂၃ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်တောင်ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွား

တရုတ်နိုင်ငံတောင်ပိုင်း ဖူကျို့မြို့တွင် ဇွန် ၂၃ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး နေအိမ်များရေလွှမ်းမှုဖြစ်ပွားရာ ဒေသခံ ၆၈၀၀၀ ခန့် ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ဖိလစ်ပိုင်မြောက်ပိုင်း၌ စက်သုံးဆီတင်ယာဉ်ပေါက်ကွဲ

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ကာဗီတီပြည်နယ်တွင် စက်သုံးဆီတင်ယာဉ်တစ်စီး ဇွန် ၂၃ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး

ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် တိုင်းမှူးပိုလ်ချုပ်ဝင်းမြင့် တွေ့ဆုံ

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ တွေ့ဆုံပွဲအခမ်းအနားကို ဇွန် ၂၀ ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ တိုင်းမှူးသည် ဇွန် ၂၁ ရက်တွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ကျင်းပသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ **(ယာပုံ)** ကျောင်းစာရေးစားပွဲခုံများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တာဝန်ရှိသူများက ကျောင်းသုံးပစ္စည်းများ၊ အလှူငွေများနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကျဉ်းဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၂၁ရက်က ရန်ကုန်မြို့ရှိ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး တက်ရောက်၍ ဒို့တာဝန်အရေးသုံးပါးနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အလေးထားဆောင်ရွက်ရေး၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ အဖျက်အမှောင့်သမားများအား စုံစမ်းဖော်ထုတ်ရေး၊ ပြည်သူက ယုံကြည်ကိုးစားသော ဝန်ထမ်းကောင်းများ ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဌာနအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပူးပေါင်းကူညီ ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်၌

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၂၂ရက် နံနက် ၈ နာရီက အင်းစိန်မြို့နယ် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)ဝင်းအတွင်း၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနိုင်ဝင်းနှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးနေလင်း၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနိုင်ဝင်းနှင့် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းတို့က သစ်ပင်စိုက်ပျိုးရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌ ဦးနေလင်းက နေရာအလိုက်စိုက်ပျိုးရမည့် အရိပ်ရပင်များပေးအပ်၍ အမှတ်တရ ကံ့ကော်ပင်ကိုစိုက်ပျိုးပေးကာ **(အပေါ်ပုံ)** တက်ရောက်လာကြသူများက ကံ့ကော်၊ ကျွန်း၊ ခရေ၊ မဟော်ဂနီ၊ ပျဉ်းမ၊ ကုက္ကိုလ်ပင် စုစုပေါင်း ၂၀၀၀ကျော်ကို စုပေါင်းစိုက်ပျိုးကြသည်။ **(ခရိုင် ပြန်/ ဆက်)**

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဗဟိုအဆင့် ဆရာဖြစ်သင်တန်းဖွင့်

နေပြည်တော် ဇွန် ၂၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် UNFPAတို့ ပူးပေါင်းဆောင်ရွက်သည့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်းစီမံချက် RH/IEC/BCC ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၁၀)ဖွင့်ပွဲအခမ်းအနားကို ဇွန်၂၁ရက် နံနက်၉နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်**(အပေါ်ယာပုံ)**က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါ်ပင်စီထွန်းသိန်းက UNFPA မှ ဆောင်ရွက်သော မျိုးဆက်ပွားကျန်းမာရေး စီမံချက်များအကြောင်း ရှင်းလင်းပြောကြားသည်။



သင်ကြားပို့ချ

အဆိုပါ သင်တန်းသို့ ကချင်ပြည်နယ်ရှိ ဗန်းမော်နှင့် မိုးညှင်း၊ စစ်ကိုင်းတိုင်းရှိ ကသာနှင့် ဟုမ္မလင်း၊ ပဲခူးတိုင်း (အရှေ့ပိုင်း)ရှိ ကျောက်တံခါး၊ ရခိုင်ပြည်နယ်ရှိ သံတွဲနှင့် ချင်းပြည်နယ်ရှိ မင်းတပ်မြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၃၅ဦး တက်ရောက်ကြပြီး သင်တန်းကို ဇွန် ၂၁ ရက်မှ ၂၅ရက်အထိ ငါးရက်တာသင်ကြားပို့ချမည်ဖြစ်သည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ် ထွက်ရှိ

ရန်ကုန် ဇွန် ၂၃

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၂၄)တွင် Political Times အထူးအချပ်ပိုအပါအဝင် လမ်းဆုံလမ်းခွဆီက ဒီမိုကရေစီနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာမောင်ဝံသရေးသားသည့် နိုင်ငံရေးပါတီ စည်းရုံးရေး သင်ခန်းစာအချို့၊ ဆရာမောင်သာနုရေးသားသည့် ပြည်သူတို့၏မျှော်လင့်ချက်နှင့် အသည်းကြားမှ မဲတစ်ပြား၊ ဆရာနောင်ဦးရေးသားသည့် နိုင်ငံရေး၏သဘော၊ ပါတီမိတ်ဆက်ကဏ္ဍ၊ ကရင်ပြည်သူ့ပါတီမှ ဒုတိယဥက္ကဋ္ဌ(၂)ဦးစောအေးကို၊ အထွေထွေအတွင်းရေးမှူး ဦးစောစေးဝါးတို့နှင့် တွေ့ဆုံခြင်းစသည့်နိုင်ငံရေးသုံးသပ်ဆောင်းပါးများနှင့် သတင်းများ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အာဆီယံတို့ပူးပေါင်းပြီး တန်ချိန်တစ်သောင်းအထက် ပင်လယ်ကူးသင်္ဘောကြီးများ အလုံသင်္ဘောကျင်းတွင် တည်ဆောက်သွားမည်၊ ရေကြောင်းအရာရှိ 2nd Mate သင်တန်း DMAနှင့် ပုဂ္ဂလိကပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်မည်၊ အယောင်ဆောင်ဘိုးတော်နှင့်အဖွဲ့က မိန်းကလေးခြောက်ဦးကို သွေးဆောင်ဖြားယောင်းဖျက်ဆီးမှုဖြစ်ပွား၊ ပရော်ပါဂန်ဒါတော့ ပရော်ပါဂန်ဒါသို့သော်.... ကိုရီးယား ခရီးသွားဆောင်းပါး၊ ၂၀၁၀ရွေးကောက်ပွဲမှာ တစ်သီးပုဂ္ဂလဝင်ရောက်ယှဉ်ပြိုင်မှုများ၏ အခန်းကဏ္ဍ မည်သို့ရှိလာနိုင်မည်နည်း၊ Yangon Forumကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ပုဂ္ဂလိကဓာတ်ဆီဆိုင်များနှင့် သူတို့အမြင်၊ အောင်မြင်လာတယ်လို့မထင်ပါဘူး၊ လောကားထစ်တစ်ထစ် တက်နေတယ်လို့ပဲမြင်တယ် မိုးယုစံနှင့် လိုတိုဇျူး စသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

*ရေခဲတောင်များအရည်ပျော်ကျခြင်းကြောင့် ဟိမဝန္တာတောင်တန်းပတ်ဝန်းကျင်ရှိ လူသန်း ဖဝနီးပါး အစာရေစာပြတ်လပ်မှုကြုံနိုင်၊ မြောက်ကိုရီးယားအပေါ် ဒဏ်ခတ်အရေးယူမှုနှင့်ပတ်သက်ပြီး နိုင်ငံပေါင်း ၁၀၀ကျော်က ပူးပေါင်းလုပ်ဆောင်ခြင်းမရှိ၊ ကလပ်ပိုင်ရှင်နှင့် အမျိုးသမီးအဖော် ကားပါကင်တွင်အသတ်ခံရမှု ဏ္ဍာလာလမ်ပူတွင်ဖြစ်ပွား၊ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)***

ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ယှဉ်ပြိုင်နိုင်

ရန်ကုန် ဇွန် ၂၃

၂၀၁၀ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် MGS Beverages Co., Ltd. တို့ ပူးပေါင်း၍ ဇူလိုင် ၁၇ရက် (စနေနေ့) မွန်းတည့်၁၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်မင်းဓမ္မလမ်းရှိ Myanmar Convention Centre ၌ ကျင်းပမည်ဖြစ်ရာ အသက်၂၁ နှစ်အထက် အမျိုးသား/အမျိုးသမီး အကြီးတန်းပြိုင်ပွဲ၊ အသက်၂၁နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး အငယ်တန်းပြိုင်ပွဲနှင့် အသက် ၅၀နှင့်အထက် သက်ကြီးတန်း အမျိုးသားပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတင်ပြနိုင်သူဖြစ်ရမည်ဖြစ်ပြီး အသက်၂၁နှစ်အထက် အမျိုးသမီးအကြီးတန်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် အရပ်ငါးပေ သုံးလက်မနှင့်အထက် ရှိရမည်ဖြစ်ကာ အသက် ၂၁နှစ်နှင့်အောက် အမျိုးသမီး အငယ်တန်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် အနိမ့်ဆုံး အရပ်ငါးပေ နှစ်လက်မ ရှိရမည်ဖြစ်သည်။

ဆောင်ရွက်မည်

ပြိုင်ပွဲဝင်လိုသူများသည် မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန ဌာနမှူး ဦးကျော်သန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အားကစားစခန်း မင်္ဂလာတောင်ညွန့်မြို့နယ်မှ ကာယဗလ အားကစားစခန်း တာဝန်ခံ ဦးဝင်းကြည်တို့ထံ ဇူလိုင်၁၂ရက် ညနေ ၄နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းရန်နှင့် ပြိုင်ပွဲဝင်များ အသက်စစ်ဆေးခြင်း၊ အတန်းခွဲခြားခြင်း၊ အမျိုးသမီးများ ဆေးစစ်ခြင်း၊ အရပ်တိုင်းတာခြင်း၊ မှတ်တမ်းယူခြင်းများကို ဇူလိုင်၁၅ရက် နံနက်၁၀နာရီတွင် ရန်ကုန်မြို့တော်စည်ပင် အားကစားစခန်း၌ ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ နှိုးဆော်ချက်

နေပြည်တော် ဇွန် ၂၃

၁။ ***ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု***

(က) ***တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။*** *၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇွန်လ ၁၈ ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော နိုင်ငံပေါင်း (၆၃) နိုင်ငံရှိပြီး ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ အပါအဝင် နိုင်ငံ (၁၆) နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားကြောင်း သိရှိရသည်။*

(ခ) ***လူသို့ကူးစက်ဖြစ်ပွားမှု။*** *၂၀၀၃ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဇွန်လ ၈ရက်အထိ နိုင်ငံ (၁၅) နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှု ၄၉၉ဦး ရှိပြီး ၂၉၅ ဦး သေဆုံးကြောင်း သိရှိရသည်။*

၂။ ***မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းမှု။*** *မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ သုံးကြိမ် ဖြစ်ပွားခဲ့သည်။ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့တွင်လည်းကောင်း၊ မတ်လတွင် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်တွင်လည်းကောင်း ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့ရာ ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆောင်ရွက်ခဲ့သဖြင့် အခြားဒေသများသို့ ကူးစက်မှုမရှိအောင် ထိန်းချုပ်နိုင်ခဲ့သည်။ အဆိုပါ ဖြစ်ပွားမှုနောက်တွင် ယနေ့အထိ မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံကျရောက်ဖြစ်ပွားမှု မရှိခဲ့ပါ။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုနှင့် ထပ်မံဖြစ်ပွားမှုမရှိသော အခြေအနေများကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)နှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့သို့ အကြောင်းကြားပြီးဖြစ်သည်။*

၃။ ***ရောဂါကြိုတင်ကာကွယ်ရေး။*** *သို့ရာတွင် နိုင်ငံအချို့၌ ရောဂါကျရောက်ဖြစ်ပွားမှု ရှိနေသဖြင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် အောက်ပါအချက်များကို လိုက်နာ ပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်-*

(က) *ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုမြှင့်တင်ရန်၊*

(ခ) *မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်းဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊*

(ဂ) *ကြက်ငှက်များ မသင်္ကာဖွယ်ရာ သေဆုံးမှုရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊*

(ဃ) *ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။*

မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော မြန်မာရပ်ကွက် ကံ့ကော်လမ်းနှင့် သီရိမင်္ဂလာလမ်းထောင့် ကွန်ကရစ်တံတား ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ဇွန် ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ရီရီစန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကံ့ကော်ပင်များစိုက်ပျိုး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တပ်နယ်သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇွန် ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ဂုနာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် နယ်မြေခံတပ်ရင်း၌ ကျင်းပသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ်သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး သစ်ပင်စိုက်ပျိုးပေးသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများက တပ်ရင်း၊ တပ်ဖွဲ့များသို့ ပျိုးပင်များကို ပေးအပ်ကြသည်။

စိုက်ပျိုးပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကံ့ကော်ပင်၊ တိုင်းမှူးက ခရေပင်နှင့် တပ်မတော်အရာရှိကြီးများက သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများက မန်ကျည်း၊ ကျွန်း၊ စိန်ပန်း၊ ယူကလစ်၊ ပျဉ်းမ၊ ခရေ၊ ရေတမာ၊ ပျဉ်းကတိုး၊ ကုက္ကို၊ သရက်၊ မဲဇလီ၊ မဟော်ဂနီ၊ ကံ့ကော်နှင့် ဆီသပြေ စသည့်ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အရာရှိကြီးများက လှည့်လည်ကြည့်ရှု အားပေးကြသည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၂၃

နိုင်ငံရေးပါတီတည်ထောင်ခွင့်ရရှိပြီးသော ပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိကြရာ မြို့တိုင်းရင်းသားပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ခုနှစ် ဇွန် ၂၃ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

စိစစ်ဆောင်ရွက်

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၄၂) ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ (၃၇)ပါတီအနက် ပါတီ (၃၃)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာနက အသစ်ထုတ်လုပ်လိုက်သည့် မော်တော်ယာဉ်များနှင့် နေရောင်ခြည်စွမ်းအင်သုံး (Solar)ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့်ပစ္စည်းများ ပြပွဲတွင် ခင်းကျင်းပြသထားသော နေရောင်ခြည်စွမ်းအင်သုံး (Solar)ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၃ မှ

တစ်စုံကို ငွေကျပ် ၂၇၀၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း၊ လုံခြုံရေးမီးနှင့် လမ်းမီးများအဖြစ် အသုံးပြုနိုင်သော 3 Meter အရှည်ရှိသည့် 10 Watt Street Light တစ်တိုင်ကို ငွေကျပ် ၂၈၅၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း၊ 6 Meter အရှည်ရှိသည့် 25 Watt Street Light တစ်တိုင်ကို ငွေကျပ် ၆၀၀၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း အများပြည်သူများ အသုံးပြုနိုင်အောင် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ဈေးနှုန်းချိုသာ

ထို့ပြင် Solar Home System Package ကို 1000 Watt မှ 5000 Watt အထိ အမျိုးအစားအလိုက် လုပ်ငန်းအပ်နှံပါက ဈေးနှုန်းချိုသာစွာဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အပ်နှံသည့် Watt အမျိုးအစားအရ နေအိမ်များတွင် ရုပ်မြင်သံကြား၊ အိမ်သုံးမီး၊ ပန်ကာတို့အပြင် လေအေးပေးစက်၊ ရေခဲသေတ္တာနှင့် ရေစက်တို့တွင်ပါ အသုံးပြုသွားနိုင်မည်ဖြစ်သည်။

ထုတ်လုပ်သွားမည်

အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး Solar ပြားဖြင့် ဆက်စပ်အသုံးပြုနိုင်သည့် ပစ္စည်းများအပြင် Solar ပြား 21 Watt မှ 185 Watt Solar ပြားများကို မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း တောင်ဒဂုံစက်မှုဇုန်ရှိ စက်ရုံတွင် Solar ပြား ထုတ်လုပ်မှု စက်ပစ္စည်းများ တပ်ဆင်ရန် ဆောင်ရွက်လျက်ရှိရာ ၂၀၁၀ခုနှစ် စက်တင်ဘာလတွင် စတင်ထုတ်လုပ်သွားမည်ဖြစ်သည်။

ဖြန့်ဖြူးရောင်းချ

LEDမီးသီးများကိုလည်း ရန်ကုန်တိုင်း လှိုင်မြို့နယ်ရှိ LED မီးသီး ထုတ်လုပ်မှုအလုပ်ရုံမှ ၂၀၀၈ခုနှစ်မှ စတင်၍ တစ်နှစ်လျှင် ၂၄သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ (သတင်းစဉ်)

ဟိုတယ်/ခရီးဝန်ကြီးဦးစိုးနိုင်အား ခရိုအေးရှားနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဇွန် ၂၃

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Zeljko Bosnjak သည် ဇွန် ၂၂ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-ခရိုအေးရှားနှစ်နိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှောင်လေဝေးဝေး မူးယစ်ဆေး

✱ မူးယစ်အစ၊ ဘဝမြစ်ပြင်၊ မမြင်ကွယ်ရာ၊ ဆေးလိပ်ကတည့်
စူးစမ်းချင်၍ ဆေးလိပ်ဖွာ၏။

✱ ဖွာရာမှစွဲ၊ အမြဲတောက်လျှောက်၊ နှစ်သက်ကဲ၍ ဆေးလိပ်သောက်၏။

✱ သောက်ရာမှရင့်၊ အတင့်ရဲရဲ၊ ဆင့်ကဲမနေး၊ သဘောမမြင်၊ အဆင့်မြင့်သော်
ပေါင်းသင်းလွဲ၍ မူးယစ်ဆေးကို စားသုံးချင်၏။

✱ ဆင်ခြင်မဲ့ဆုံး၊ လူလုံးမလှ၊ မနေကင်းကွာ၊ သေရွာနှင့်နီး၊ အလွဲသုံး၍
စီးပွားကျလျက် မကျန်းမာသော် သောကကြီး၏။

✱ ပူမီးထွေထွေ၊ ရင်တွေတုန်ယင်၊ ပေါ်လွင်ပြစ်ပေး၊ ရှောင်ပြေးမရ၊ လောင်မြိုက်နေစဉ်
သေလိုက်ချင်ပေ၍ မူးယစ်ဆေးကြောင့် ထောင်တန်းကျ၏။

✱ ဘဝလည်းတုံး၊ အသုံးမကျ၊ ဒုက္ခစုံပေး၊ ဝေးစွာရှောင်လို့၊ လူဖြစ်ရှုံး၍
ဆင်းရဲလှသည့် မူးယစ်ဆေးကို တိုက်ဖျက်စို့။ ။

ပန်းတောင်းသန်းကြွယ်

သစ်တောသစ်ပင်ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ခရင်မ်ပါသောမုန့်အမျိုးမျိုး ကျန်းမာရေးထိခိုက်စေနိုင်ဟုဆို

ကောင်းမြတ်သူ - ရေးသားသည်

လန်ဒန် ဇွန် ၂၃

ခရင်မ်ပါသော မုန့်အမျိုးမျိုးသည် ကျန်းမာရေး ထိခိုက်စေနိုင်ကြောင်း အင်္ဂလန်နိုင်ငံမှ ကျန်းမာရေးစောင့်ကြည့်လေ့လာသူများက ပြောကြားသည်။

ပြောကြား

စားအုန်းဆီထုတ်လုပ်ရာတွင် ထွက်ရှိလာသည့် ဘေးထွက်အဆီများကို ဘီစကွတ်အမျိုးမျိုး၊ ကိတ်နှင့် အမြန်အစားအစာ အမျိုးမျိုးတို့တွင် ခရင်မ်အဖြစ်အသုံးပြုလျက်ရှိကြောင်း လန်ဒန်အခြေစိုက် စားသောက်ကုန်ပစ္စည်းများ လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ခရင်မ်ပါသော မုန့်များကို ရေရှည်စားသုံးခြင်းဖြင့် နှလုံးသွေးကြောနှင့်ဆိုင်သော ရောဂါများဖြစ်လာစေနိုင်ကြောင်း သတိပေးထားသည်။

အကြံပြုတင်ပြ

နှလုံးနှင့်ဆိုင်သောရောဂါများ ကာကွယ်နိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ လူတို့အနေဖြင့် အဆီအအိမ့်များသော အစားအသောက်များ ရှောင်ကြဉ်စားသုံးသင့်ကြောင်း အကြံပြုတင်ပြထားသည်။

အင်တာနက်

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကံမြင့်ကျေးရွာ၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကို ဇွန် ၁၁ရက်က ကျင်းပရာ ခေတ္တာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲအုပ်ဟန်စိန် ဟောပြောဆွေးနွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

24-6 (07).pmd 1 6/24/2010, 1:51 AM

သဘာဝဘေးဒဏ်မှကာကွယ်နိုင်ရေးအတွက် အရံအတားများ၊ လုပ်ငန်းစဉ်များနှင့် အစီအမံများကို စီမံချက်ပါအတိုင်း စနစ်တကျ ဆောင်ရွက်သွားမည်

* *ကျော်ဖုံးမှ*

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်မြို့တော်ခန်းမ၌ ကျင်းပသော ရခိုင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေ၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုဏ္ဏားကျွန်းဘူတာနှင့် ယိုးတရုတ်ဘူတာကြားရှိ ရထားလမ်း ပြန်လည်ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ယခုလ ၁၄ရက်၊ ၁၅ရက်နှင့် ၁၆ရက်တို့တွင် ဘူးသီးတောင်နှင့် မောင်တောဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြေပြိုမှုနှင့်ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေ၊ ရေကြီးမှုနှင့် မြေပြိုမှုဖြစ်စဉ်အတွင်း လူနှင့် တိရစ္ဆာန်သေဆုံးမှု၊ ရေကြီးနစ်မြုပ်သော အိမ်ထောင်စုနှင့်လူဦးရေ၊ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိက အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ ကျန်းမာရေးဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံအချို့ ပျက်စီးမှု၊ တာတမံနှင့် ဘူးသီးတောင်-မောင်တောလမ်းပိုင်း၌ လမ်းနှင့် တံတားများ ပျက်စီးမှု အခြေအနေနှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေက အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ လမ်းညွှန်မှုအရ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအတွင်း သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်းနှင့် ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ရေမြုပ်လယ်မြေများ ပြန်လည်စိုက်ပျိုးရေးအတွက် မျိုးစပါးများ အပါအဝင် လိုအပ်ပစ္စည်းများ ထောက်ပံ့ပေးနေမှု၊ ကျောင်းများ ပြန်လည်တည်ဆောက်ရေးနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးနေမှု၊ ကျန်းမာရေးပစ္စည်းများ ထောက်ပံ့ပေးနေမှု၊ လမ်းတံတားလုပ်ငန်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ဆန်များ ဖြန့်ဝေထောက်ပံ့ပေးနေမှု၊ ဝန်ကြီးဌာနများနှင့် စေတနာရှင် ပြည်သူများက ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီ ဖြန့်ဝေထောက်ပံ့ပေးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းရာ တိုင်းမှူးနှင့် ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုဏ္ဏားကျွန်းမြို့နယ် ယာချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျေးရွာအုပ်စုအတွင်းရှိ ပျက်စီးသွားသော မူလတန်းကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အတွေ့အကြုံကောင်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် နိုင်ငံအများအပြား၌ အပူရှိန်လွန်ကဲခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ အင်အားပြင်းထန်သော ငလျင်များ ဖြစ်ပေါ်ခြင်းများ ကြုံတွေ့နေရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၂၀၀၈ခုနှစ် မေလဆန်းပိုင်း၌ ဖြစ်ပေါ်ခဲ့သည့် နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံသမိုင်းတွင် မကြုံစဖူး ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်ဖြစ်ကြောင်း၊ လူသေဆုံးမှုများအပါအဝင် ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရသည့်တိုင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် အင်အား (၃)ရပ်ဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် အချိန်တိုအတွင်း မူလအနေအထားထက် သာလွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့် အတွေ့အကြုံကောင်းများ မိမိတို့တွင် ရှိထားပြီးဖြစ်ကြောင်း။

ယခု ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးနစ်မြုပ်မှုများသည် ရခိုင်ပြည်နယ် နေရာအနှံ့အပြားတွင် ဖြစ်ပေါ်ခဲ့ခြင်း မဟုတ်ဘဲ နေရာဒေသအချို့တွင်သာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်၍ မိမိတို့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအနေဖြင့် လုပ်ငန်းကဏ္ဍများအလိုက် လုပ်ငန်းများ နိုင်နင်းစွာ ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရခိုင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထပ်ဆင့်ပံ့ပိုးကူညီ

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အဆင့်(၃)ဆင့်ဖြစ်သည့် အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများဖြစ်သော လတ်တလော စားဝတ်နေရေး၊ ဆေးဝါးကုသစောင့်ရှောက်ရေး၊ အမိုးအကာအောက်ရောက်ရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ပျက်စီးသွားသော အိုးအိမ်၊ လမ်းတံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နောင်ကာလများတွင် သဘာဝဘေးဒဏ်မှ ကာကွယ်နိုင်ရေးအတွက် အရံအတားများ၊ လုပ်ငန်းစဉ်များနှင့် အစီအမံများကို စီမံချက်ပါအတိုင်း စနစ်တကျ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ရာသီဥတု၊ အချိန်ပေါ်မူတည်၍ ဆောင်ရွက်ရသော စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် မျိုးစပါး၊ ကျွဲ၊ နွား၊ ထွန်ယက်ကိရိယာ စသည်များကို သင့်လျော်သလို ထောက်ပံ့ဖြည့်ဆည်းပေးသွားမှာ ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆောင်ရွက်ပေးနေမှုများအပြင် နိုင်ငံတော်အပိုင်းက ထပ်ဆင့်ပံ့ပိုးကူညီသွားမှာ ဖြစ်ကြောင်း။

ယခုအချိန်သည် မိုးဦးကျကာလသာ ရှိနေသေး၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများအတွင်း သဘာဝဘေး ကြိုတင်ကာကွယ်ရေး အသိများ၊ ကြိုတင်ဆောင်ရွက်ထားသင့်သည့် နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ပညာပေးနှိုးဆော်သွားရန် လိုအပ်ကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် စစ်တွေမြို့မှ ထွက်ခွာလာပြီး ပုဏ္ဏားကျွန်းမြို့နယ် ပုဏ္ဏားကျွန်း ဘူတာသို့ ရောက်ရှိကြသည်။

လုပ်ငန်းဆိုင်ရာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ ပြည်တော်သာ-ရေချမ်းပြင် လမ်းပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရထားလမ်းတာပေါင် ပျက်စီးမှု အခြေအနေ၊ ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ်ရထားလမ်း တာပေါင် ပျက်စီးမှုနှင့် ရထားလမ်း

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၆-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၈။ အကပဒေသာ
- ၈:၂၀ ၉။ ပြဒါးသေ တစ်ဆွေ၀ သံသေ တစ်ပြည်၀
- ၈:၂၅ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်

များ၊ လုပ်ငန်းစဉ်များနှင့် အစီအမံများကို စီမံချက်ပါအတိုင်း စနစ်တကျ ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ရာသီဥတု၊ အချိန်ပေါ်မူတည်၍ ဆောင်ရွက်ရသော စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် မျိုးစပါး၊ ကျွဲ၊ နွား၊ ထွန်ယက်ကိရိယာ စသည်များကို သင့်လျော်သလို ထောက်ပံ့ဖြည့်ဆည်းပေးသွားမှာ ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆောင်ရွက်ပေးနေမှုများအပြင် နိုင်ငံတော်အပိုင်းက ထပ်ဆင့်ပံ့ပိုးကူညီသွားမှာဖြစ်ကြောင်း။

ယခုအချိန်သည် မိုးဦးကျကာလသာ ရှိနေသေး၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများအတွင်း သဘာဝဘေး ကြိုတင်ကာကွယ်ရေး အသိများ၊ ကြိုတင်ဆောင်ရွက်ထားသင့်သည့် နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ပညာပေးနှိုးဆော်သွားရန် လိုအပ်ကြောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် စစ်တွေမြို့မှ ထွက်ခွာလာပြီး ပုဏ္ဏားကျွန်းမြို့နယ် ပုဏ္ဏားကျွန်း ဘူတာသို့ ရောက်ရှိကြသည်။

လုပ်ငန်းဆိုင်ရာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ ပြည်တော်သာ-ရေချမ်းပြင် လမ်းပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရထားလမ်းတာပေါင် ပျက်စီးမှု အခြေအနေ၊ ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ်ရထားလမ်း တာပေါင် ပျက်စီးမှုနှင့် ရထားလမ်း အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ ယိုးတရုတ်-ကျောက်တော်အကြားရှိ ယိုးချောင်း တံတားတည်ဆောက်ခြင်း လုပ်ငန်းခွင် ရေနုစ်မြုပ်မှုနှင့် ပြန်လည်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှု၊ နောင်ကာလများတွင် ထပ်မံ၍ ရေကြီးမှု၊ ရေတိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး ရထားလမ်း တာပေါင်များ ပျက်စီးမှု မရှိစေရေးအတွက် နှစ်စဉ် ရေကြီးမှုဖြစ်ပေါ်နိုင်သည့်နေရာများတွင် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးရထားဖြင့် ပုဏ္ဏားကျွန်းဘူတာနှင့် ယိုးတရုတ်ဘူတာအကြားရှိ ရထားလမ်း ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ရထား ပြန်လည်ပြေးဆွဲနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပုဏ္ဏားကျွန်းမြို့မှ ပြန်လည်ထွက်ခွာလာပြီး ဦးရဇ်တောင်ကျေးရွာအနီး ရန်ကုန်-စစ်တွေ ကားလမ်း အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဏ္ဏားကျွန်းမြို့နယ် ယာချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့က ကျေးရွာအုပ်စုအတွင်းရှိ ပျက်စီးသွားသော မူလတန်းကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြရာ ပုဏ္ဏားကျွန်းမြို့နယ် ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီးတို့က လက်ခံကြသည်။

သင်ကြားပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာ ဆရာမများသည် ကျောင်းသားကျောင်းသူများအား ဘာသာရပ်ဆိုင်ရာ ပညာရပ်များ တတ်မြောက်အောင် သင်ကြားပေးရုံသာမက တစ်ဦးချင်း စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စည်းကမ်းကောင်းမွန်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ရေးတို့အတွက် လေ့ကျင့်သင်ကြားပေးကြရန် မှာကြားသည်။

ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ညနေပိုင်းတွင် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရန်ကုန် - စစ်တွေ ကားလမ်း ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ပုဏ္ဏားကျွန်းမြို့နယ် ဦးရဇ်တောင်ကျေးရွာအနီး ရန်ကုန်-စစ်တွေ ကားလမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လာအိုဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းနှင့်အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့နှင့် မန္တလေးမြို့တို့၌ လှည့်လည်ကြည့်ရှုလေ့လာ

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ်၌ စက်ရုံများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET တို့ လိုက်ပါလျက် ဇွန်၂၂ရက် နံနက်၉နာရီ ၁၅မိနစ်တွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်သို့ ရောက်ရှိကြရာ ပြင်ဦးလွင် တပ်နယ်မှူး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဧည့်သည်တော်ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန (ပွေးတောင်ခြံ)ကို သွားရောက်ကြည့်ရှု လေ့လာကြသည်။

ဆက်လက်၍ ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကန်တော်ကြီး အမျိုးသားဥယျာဉ်သို့ သွားရောက်၍ ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် ပြင်ဦးလွင်တပ်နယ်မှူးက လာအိုဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရွှေစံအိမ်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော်ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ်သို့ရောက်ရှိကာ ရတနာပုံမြို့သစ်ရှိ စက်ရုံများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ထို့နောက် ရတနာပုံတယ်လီပို့ ရှင်းလင်းဆောင်၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်းက ရတနာပုံမြို့သစ်အကြောင်း သိကောင်းစရာများနှင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြသသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေးတောင်သို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မန္တလေးမြို့ရှုခင်းကို ကြည့်ရှုကြသည်။

ညပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက ဧည့်သည်တော်ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

လာအိုဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဇွန် ၂၃ရက် နံနက် ၈နာရီ ၁၅မိနစ်တွင် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် မန္တလေးစက်မှုဇုန်သို့ ရောက်ရှိကြရာ ကနောင်စက်မှုခန်းမ၌ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌက စက်မှုဇုန်အကြောင်း ရှင်းလင်းတင်ပြပြီး လာအိုဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော စက်မှုဇုန်ထုတ်ပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် စက်မှုဇုန်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ပို့ဆောင်နှုတ်ဆက်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီခွဲတွင် အထူးလေယာဉ်ဖြင့် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kouily A. SOUPHAKHET နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၆-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၈:၁၀ ၈။ အကပဒေသာ
- ၈:၂၀ ၉။ ပြဒါးသေ တစ်ဆွေဝ သံသေ တစ်ပြည်ဝ
- ၈:၂၅ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၂၀ ၃။ **စပါးကရွှေ ငါးကငွေ**
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး တေးများ
- ၅:၁၀ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး နေ့တေးများ
- ၅:၂၀ ၈။ ရောင်စုံရေးသီတေးပန်းချီ
- ၅:၃၅ ၉။ ကမ္ဘာ့ဖလား ပုံရိပ်များ (အပိုင်း-၁)
- ၅:၄၀ ၁၀။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပွဲကြို သုံးသပ်ချက်)
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ **ပျော်ရွှင်စေသောနေ့ရက်များ အချစ်ကော်ဖီ** (အပိုင်း-၁၁) ငြိမ်းချမ်း၊ သူရလင်း၊ စုပုံချစ် (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယပိုင်း) (အပိုင်း-၁၀)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၈:၂၀ ၁၇။ **ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ပါရာဂွေးနှင့် နယူးဇီလန်)**
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **စည်းလုံးခြင်းရဲ့ရလဒ်တွေ** နန္ဒဇော သရုပ်ဆောင်-စိုးရန်အောင် (တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၂၆)
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၅၄)

၂၅-၆-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၁:၀၀ ၁။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဒိန်းမတ်နှင့် ဂျပန်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ	၂၃-၆-၂၀၁၀	
ကိုကိုးကျွန်း	၇ ဒသမ	၅၉ လက်မ
ကျောက်ဖြူ	၄ ဒသမ	၁၃ လက်မ
လောင်းလုံမြို့	၄ ဒသမ	၁၃ လက်မ
ပူတာအိုမြို့	၃ ဒသမ	၀၈ လက်မ
ရန်ကုန်(မြို့လယ်)	၂ ဒသမ	၈၃ လက်မ
ပုသိမ်မြို့	၂ ဒသမ	၈၀ လက်မ
ရေးမြို့	၂ ဒသမ	၂၁ လက်မ

ရွှေဘိုခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၃

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၇ရက်က ရွှေဘိုမြို့နယ် ကျောက်မြောင်းကျေးရွာအနီး ရတနာသိဃ်တံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ရွှေဘိုမြို့အတွင်းရှိ ရွှေဘို-ကျောက်မြောင်းလမ်းမှ မီးရထားလမ်းဆုံ နေရာသို့ရောက်ရှိပြီး လမ်းတိုးချဲ့ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရွှေဘိုမြို့ မဟာနန္ဒာကန်တော် တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်း၊ ရေကန်သန့်ရှင်း သာယာလှပရေးနှင့် ကန်အတွင်းသို့ ရေပေးသွင်းမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ရွှေဘိုမြို့ စည်ပင်သာယာဈေးကြီးသို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများက ဈေးသန့်ရှင်းသာယာလှပရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးသည် ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ယာပုံ) (သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် အင်ပူမြို့နယ် စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ လိုက်ပါလျက် ဇွန်၂၀ရက် ညနေပိုင်းက အင်ပူမြို့နယ် အမှတ်(၃၁) သစ်စက် (နန်ကသူ)သို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးအေးမြင့်က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

စနစ်တကျ

ယင်းနောက် စက်ရုံအတွင်း သစ်လုံးခွဲစိတ်ပုံအဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်/တိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၃

၂၀၁၀ခုနှစ် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၁ရက် ညနေ၃နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ကျင်းပသည်။

လေပစ္စတို

ဗိုလ်လုပွဲများအပြီးတွင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦးက ၁၀ မီတာ လေပစ္စတို အမျိုးသားတစ်ဦးချင်း ပစ်ခတ်စဉ် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင် ဒေါ်ကျင်ရွှေက ၁၀ မီတာ လေပစ္စတို အမျိုးသမီး တစ်ဦးချင်း ပစ်ခတ်စဉ် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူတို့အား လည်းကောင်း၊ အားကစားနှင့် ကာယပညာ သိပ္ပံ (ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ၁၀မီတာ လေရိုင်ဖယ် အမျိုးသားတစ်ဦးချင်း ပစ်ခတ်စဉ် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူတို့ အားလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါက်တာ ဒေါ်မြနန္ဒာခိုင်က လေရိုင်ဖယ် အမျိုးသမီးတစ်ဦးချင်း ပစ်ခတ်စဉ် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထက်ညီက ၁၀ မီတာ လေပစ္စတို အမျိုးသားအသင်းလိုက် ပစ်ခတ်စဉ်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရ ပဲခူးတိုင်းနှင့် တတိယဆုရ မန္တလေးတိုင်း အသင်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ၁၀ မီတာ လေပစ္စတို အမျိုးသမီး အသင်းလိုက် ပစ်ခတ်စဉ် ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရ မန္တလေးတိုင်းနှင့် တတိယဆုရ ပဲခူးတိုင်းအသင်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုး

သမီး အားကစားအဖွဲ့ချုပ် သေနတ်ပစ်အားကစားနည်းတာဝန်ခံ နာယက ဒေါ်တင်တင်နွဲ့က ၁၀မီတာလေရိုင်ဖယ် အမျိုးသမီးအသင်းလိုက် ပစ်ခတ်စဉ် ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရ မွန်ပြည်နယ်နှင့် တတိယဆုရ ရှမ်း(အရှေ့) အသင်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းက ၁၀ မီတာ လေရိုင်ဖယ် အမျိုးသားအသင်းလိုက် ပစ်ခတ်စဉ်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရ ပဲခူးတိုင်းနှင့် တတိယဆုရ မန္တလေးတိုင်း အသင်းတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီး အသင်းတို့အား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

တာချီလိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေညီလာခံ အတွေ့အကြုံရှင်း

တာချီလိတ် ဇွန် ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို ဇွန်၁၅ရက် မွန်းလွဲ၁နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အစီအစဉ်အရ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင် (မောင်မြန်မာ)က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးထိန်မင်း(မင်းအေးငြိမ်းဈေ)က ပဉ္စမအကြိမ် ညီလာခံအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ယခုအချိန်အခါသည် ပူပြင်းပြီး မိုးကြိုကာလဖြစ်သည်နှင့်အညီ ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်တို့တွင် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်သည့် မုန်တိုင်းဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်စေနိုင်ပါသည်။

သို့ဖြစ်၍ မုန်တိုင်းဘေးအန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) တီဗွီ၊ ရေဒီယိုနှင့် FM ရေဒီယိုများမှ ထုတ်လွှင့်သော "မုန်တိုင်းသတင်း"နှင့် "မုန်တိုင်းသတိပေးချက်"များကို ကိုယ်တိုင်ဂရုတစိုက် ကြည့်ရှုနားထောင်ပါ၊ ကောလာဟလ သတင်းများကို မယုံကြည်ပါနှင့်။

(၂) ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်၍ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိပါက "မုန်တိုင်းသတင်း"အဖြစ် ထုတ်ပြန်ကြေညာပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်တိုက်ခတ်မည်ဆိုပါက "မုန်တိုင်းသတိပေးချက်"အဖြစ် ထုတ်ပြန်ကြေညာလျက်ရှိပါသဖြင့် သတင်းထုတ်ပြန်ချက်များကို သေချာစွာ ဂရုပြုနားထောင်ပါ။

(၃) မုန်တိုင်းသတိပေးချက်အရ မိမိတို့နေထိုင်ရာဒေသသို့ အင်အားပြင်းထန်သည့် မုန်တိုင်း ဖြတ်သန်းဝင်ရောက်နိုင်ပါက မိမိ မိသားစုဝင်များအား ဘေးကင်းရာသို့ အမြန်ဆုံးရောက်နိုင်မည့်လမ်းကို အသုံးပြု၍ ကြိုတင်ရှောင်ရှားပါ။ အရေးကြီးပစ္စည်းများနှင့် ရေဒီယို၊ ဓာတ်မီး၊ သောက်ရေ၊ ကြာရှည်ခံအစားအစာ၊ ဆေးဝါး၊ မိမိပိုင် ကျွဲ၊ နွားများကို ယူဆောင်သွားနိုင်ရန် စီစဉ်ထားပါ။

(၄) ပင်လယ်ပြင် ငါးဖမ်းထွက်သူများ၊ နယ်ဝေးခရီးရှည် ထွက်ခွာသူများကိုလည်း မုန်တိုင်းသတိပေးချက် သိရှိနိုင်ရန် ဆက်သွယ်သတင်းပို့ပါ။

(၅) ကလေးသူငယ်များ၊ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများကို ဘေးလွတ်ရာသို့ ခေါ်ဆောင်သွားနိုင်ရေး ဆောင်ရွက်ပါ။

(၆) ပျက်စီးဆုံးရှုံးနိုင်သော ပစ္စည်းများကို လုံခြုံစိတ်ချရသောနေရာတွင် စနစ်တကျ ထုပ်ပိုးသိမ်းဆည်းထားပါ။

(၇) မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်တွင် မုန်တိုင်းဘေးလွတ်ကင်းနိုင်သည့် ခိုလှုံရာနေရာ၌ မိမိ မိသားစုဝင်များအားလုံး ပြင်ပသို့ မထွက်ဘဲ နေထိုင်ပါ။ မိမိခိုလှုံသည့် အဆောက်အအုံသည် ပြိုကျနိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်များ၏အောက်တွင် ခိုလှုံနေထိုင်ပါ။

(၈) မုန်တိုင်းအန္တရာယ် ကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ချက်ရရှိမှသာ အဆောက်အအုံ ပြင်ပသို့ထွက်ပါ။ မိမိ မိသားစုဝင်များ ထိခိုက်မှုရှိပါက ဆေးကုသမှုခံယူပါ။

(၉) သက်ဆိုင်ရာမှ ထုတ်ပြန်သည့်သတင်းနှင့် အကြံပြုချက်များကိုသာ ယုံကြည်ပြီး လိုက်နာဆောင်ရွက်ပါ။

(၁၀) မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် အပျက်အစီးများကို တာဝန်မရှိဘဲ လှည့်လည်ကြည့်ရှုခြင်း မပြုလုပ်ပါနှင့်။ ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မထိမိစေရန် ရှောင်ရှား၍ နီးစပ်ရာ လျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။

(၁၁) ဝမ်းရောဂါကျရောက်တတ်သဖြင့် ရေကိုကျိုချက်၍သောက်ပါ။ အအေးမိဖျားနာခြင်း မဖြစ်စေရန် နွေးထွေးစွာနေပါ။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၂၅-၆-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက်
၇း၀၅ တရားတော် **(မေတ္တာသုတ်+ခန္ဓသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင်(အသစ်ဆိုတာ အဟောင်းရဲ့အစပါ)
၈း၃၅ တေးပဒေသာ
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေး စုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင် တေးသံစဉ် Inter Mediate Level (၂၁)
၁၂း၃၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ Music Talk (၂၉) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ တေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွှေသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ညချမ်းချိန်ခါ တေးပဒေသာ
၁၉း၂၅ ဇာတ်လမ်းပမာ နားဆင်စရာ (အလည်မ)
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ အနုအလှအစုံစုံ သူ့ဘာဝအဖုံဖုံ (ဘိုဘိုဟန်) စီးပွားရေးဦးတည်ချက်
၂၀း၄၀ တေးပဒေသာ
၂၁း၀၀ ဆောင်းပါး (အကောင်းမြင်တတ်သူ တွေနဲ့ပေါင်း)
၂၁း၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

24-6 (10).pmd 1 6/24/2010, 1:51 AM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာရှိ ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဒေသနှင့်ကိုက်ညီသော ရော်ဘာများ စနစ်တကျတိုးချဲ့စိုက်ပျိုး ကုန်ကြမ်းအပြင် ကုန်ချောပါ ပြည်ပဈေးကွက်တင်ပို့နိုင်ရန်ကြိုးစား

နေပြည်တော် ဇွန် ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန်၂၁ရက်က တာချီလိတ်မြို့နယ် ဝမ်ပုံကျေးရွာ နယ်စပ်ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက နယ်စပ်ကုန်သွယ်ရေးစခန်း၏ ပို့ကုန်၊ သွင်းကုန် ကဏ္ဍနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှစ်အလိုက် လျာထားချက်နှင့် အမှန်ဆောင်ရွက်နိုင်မှု လုပ်ငန်းအခြေအနေများ၊ ဝင်ငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ပို့ကုန်၊ သွင်းကုန် ကဏ္ဍနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က ကုန်သွယ်မှုပမာဏ မြှင့်တင်ရေးကြိုးစားဆောင်ရွက်ရန် မှာကြားပြီး မဲခေါင်မြစ်တစ်လျှောက် ဆိပ်ကမ်းအခြေအနေနှင့် ကုန်သွယ်ရေယာဉ်ကြီးများ သွားလာမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝမ်ပုံကျေးရွာ တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးဝါးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား မေးမြန်း အားပေးစကားပြောကြား၍ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာရှိ ရော်ဘာစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း နှစ်ရှည်ပင်ဌာနမှ မြို့နယ်တာဝန်ခံက တာချီလိတ်မြို့နယ်အတွင်း နှစ်အလိုက် ရော်ဘာစိုက်ပျိုးမှု အခြေအနေနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေများနှင့် ရော်ဘာစေးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က ဒေသနှင့်ကိုက်ညီသော ရော်ဘာကို စနစ်တကျတိုးချဲ့ စိုက်ပျိုးကြရန်နှင့် ရော်ဘာကုန်ကြမ်းများအပြင် ကုန်ချောများထုတ်လုပ်၍ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်တို့ကို တာဝန်ရှိသူများအား မှာကြားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရော်ဘာစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ရခိုင်ကမ်းရိုးတန်းဒေသများ၌ မိုးပိုလာဖွယ်

နေပြည်တော် ဇွန် ၂၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်(တပ်ကုန်း)တွင် ၀ ဒသမ ၂၇ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၇ဒသမ ၅၉ လက်မ၊ ကော့သောင်းမြို့နှင့်လောင်းလုံမြို့တို့တွင် ၄ ဒသမ ၁၃ လက်မစီ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၀၈ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၂ ဒသမ ၈၃ လက်မ၊ ပုသိမ်မြို့နှင့် နောင်ချိုမြို့တို့တွင် ၂ ဒသမ ၈၀ လက်မစီ၊ ရေးမြို့တွင် ၂ဒသမ ၂၁ လက်မနှင့် ထားဝယ်မြို့တွင် ၂ ဒသမ ၀၁ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေအားကောင်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

ဇွန် ၂၄ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အင်္ဂလန်နှင့်အမေရိကန် နောက်တစ်ဆင့်တက်ရောက် ဆလိုဗေးနီးယားနှင့် အယ်လ်ဂျီးရီးယားပြိုင်ပွဲအဆုံးသတ်

မြင့်မောင်စိုး ➢ စုစည်းရေးသားသည်

ဂျိုဟန်နစ္စဘတ် ဇွန် ၂၃

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဂ) နောက်ဆုံးပွဲစဉ်များအဖြစ် ဇွန် ၂၃ရက်ညပိုင်းက တောင်အာဖရိကနိုင်ငံ၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ အမေရိကန်က အယ်လ်ဂျီးရီးယားကို ဒိုနိုဗန်၏ နောက်ကျဂိုးဖြင့်နိုင်ပြီး ၁၆သင်း ရှုံးထွက်ပြိုင်ပွဲသို့ တက်ရောက်သွားသည်။

လှလှပပသွင်းယူ

အလားတူ အင်္ဂလန်က ဆလိုဗေးနီးယားကို တိုက်စစ်မှူးဒီဖိုး၏ တစ်လုံးတည်းသော ဂိုးဖြင့်နိုင်ပြီး ၁၆သင်း ရှုံးထွက်ပြိုင်ပွဲသို့ တက်ရောက်လာသည်။ အင်္ဂလန်နှင့် ဆလိုဗေးနီးယားအသင်းတို့သည် နယ်လ်ဆင်မင်ဒဲလားဘေးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြခြင်း ဖြစ်သည်။ အင်္ဂလန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၂၃မိနစ်တွင် ဂျိမ်းစ်မီလ်နာဖြတ်တင်ပို့သော ဘောလုံးမှတစ်ဆင့် တိုက်စစ်မှူး ဒီဖိုးက လှလှပပသွင်းယူခဲ့ခြင်းဖြစ်သည်။ ဆလိုဗေးနီးယားတို့ ချေပဂိုးသွင်းယူရန် အကြိတ်အနယ်ကြိုးစားသော်လည်း အင်္ဂလန်နောက်တန်းကို ထိထိရောက်ရောက် မထိုးဖောက်နိုင်၍ ဂိုးမရဘဲ ပွဲသိမ်းခဲ့ရသည်။

အင်္ဂလန်အသင်းအတွက် တစ်လုံးတည်းသောဂိုးကို ဒီဖိုးက ဤသို့ သွင်းယူခဲ့သည်။

အမေရိကန်

အမေရိကန်အသင်းနှင့် အယ်လ်ဂျီးရီးယားအသင်းတို့သည် ပရီတိုးရီးယားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်သည်။ ပွဲစသည်နှင့် နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်ကစားခဲ့သည်။ အယ်လ်ဂျီးရီးယားတိုက်စစ်မှူးများ အပိုင်ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း တိုက်စစ်အားပျော့နေသဖြင့် ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပေ။ အမေရိကန်အသင်းအနေဖြင့်လည်း အပိုင်ဂိုးသွင်းခွင့်များ သုံးကြိမ်တိုင်တိုင်ရခဲ့သည်။ သို့သော် အယ်လ်ဂျီးရီးယားခံစစ်မှူးများနှင့် ဂိုးသမားတို့ကာကွယ်ပေးနိုင်မှုကြောင့် စောစီးစွာ ဂိုးမသွင်းနိုင်ခဲ့ပေ။

ဂိုးသွင်းယူနိုင်

တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်နေချိန် အချိန်ပိုလေးမိနစ်ကစားခွင့်ရသည်။ ယင်းအချိန်ပိုအတွင်းမှာပင် အမေရိကန်ကစားသမား ဒိုနိုဗန်က အယ်လ်ဂျီးရီးယားဂိုးသမားဆီမှ ပြန်ထွက်လာသောဘောလုံးကို ပြေးသွင်းလိုက်ရာမှ အနိုင်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးသွင်းပြီးမကြာမီ အယ်လ်ဂျီးရီးယားကစားသမား ယာရှီယာ နှစ်ဝါ တစ်နီဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။

အုပ်စု(ဂ)အသင်းများရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	အမေရိကန်	၃	၁	၂	၀	၅
၂	အင်္ဂလန်	၃	၁	၂	၀	၅
၃	ဆလိုဗေးနီးယား	၃	၁	၁	၁	၄
၄	အယ်လ်ဂျီးရီးယား	၃	၀	၁	၂	၁

ကိုးကား-အင်တာနက်

မိုးကဗျာ မိုးအလှ

* ရွာစွေတဲ့ ရွာစွေ။
မိုးငွေရည် ပုလဲစက်
ကြဲပက် ရွာစွေ။
အုံးအင်ဘွဲ့ လက်ဆောင်ဝေ
အမွှန်ဆွေ ခေါ်တဲ့တေး။
ရွှံ့ပတ်ချာ တက်ရေဝိုင်း
ဖျိုင်းအုပ်က ဖွေး။

* လာလေတဲ့ လာလေ။
လွယ်အိတ်လွယ် ခမောက်ဆောင်း
ကျောင်း တက်စို့လေ။
က ကာ ကား တေးသီခြွေ
စာအမွေ ရှာဖွေလေ့။
ကျောင်းဆင်းလျှင် ရိုးစပ်ကွင်းမှာ
ငါးရှာရင်း ပုစွန်နှိုက်
နှစ်ခြိုက် ပျော်မွေ့။

* ဖြာဝေတဲ့ ဖြာဝေ။
လယ်ပြင်ကျယ် ရေဖွေးဖွေးမှာ
ထွန်ရေးငင် လယ်သမား
အားသစ် ဖြာဝေ။
မွန်းတည့်ချိန် ထွန်ဖြုတ်လို့
ထမင်းထုပ် ကိုယ်စီဖြေ
ငါးပိရည် ချိုချိုမွှေး။
လက်ချင်းဆုံ ချက်ချင်းကုန်ရဲ့
ရွက်ကင်းပုံ ဖားပေါင်စင်းနှင့်
ဗိုက်တင်းအောင် လွေး။

* ယာမြေတဲ့ ယာမြေ။
ကောက်ပင်ပျိုး ယိမ်းအက
စိမ်းမြ ယာမြေ။
အမောပြေ မြူးချော့လို့
ကျူနော့တဲ့ ကိုပလွေ
ပျိုမေတို့ ငန်းဦး။
ရွှေတစ်နှံ ဆယ်ပြည် ထွက်စေ့မယ်
မှန်းချက်နှင့်မြူး။

* စာခွေတဲ့ စာခွေ။
မိုးကဗျာ မိုးအလှ
ခြယ်သ စာခွေ။
ပြည့်ရိက္ခာ စပါးရွှေ
ကြွားဝေအောင် စွမ်းပါကြ။
လှုံ့လသန် ခေတ်အမြင်နှင့်
အပြုံးရှင် ရွှံ့စက်ကြားမှ
လုပ်အား အလှ။ ။

ဇော်မင်းမင်းဦး

ချန်ပီယံအီတလီတို့ အုပ်စုမှတက်ရောက်နိုင်ပါ့မလား

ဂျပန်တို့ ခက်ခက်ခဲခဲကျော်ဖြတ်ရမည့် ဒိန်းမတ်

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်ဗ်တောင်း ဇွန် ၂၃

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိရာ အုပ်စုပွဲစဉ်များဖြစ်သည့် ပါရာဂွေးနှင့် နယူးဇီလန်၊ ဆလိုဗက်ကီးယားနှင့် အီတလီ၊ ကင်မရွန်းနှင့် နယ်သာလန်၊ ဒိန်းမတ်နှင့် ဂျာမနီအသင်းတို့ ဇွန် ၂၄ရက်(ယနေ့) ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အသင်းတိုင်း နောက်တစ်ဆင့်တက်ရေးအတွက် ပြတ်သားသောရလဒ်များရရှိရန် အကြိတ်အနယ်နွှဲကြရမည့် ပွဲများပင်ဖြစ်သည်-

ပါရာဂွေးနှင့် နယူးဇီလန်

အုပ်စု(ခ)မှ ပါရာဂွေးနှင့် နယူးဇီလန်တို့ နိုင်ပွဲရလဒ်ကို လုကြရမည့်ပွဲဖြစ်သည်။ ပါရာဂွေးက ပွဲဦးထွက်၌ အီတလီကို တစ်ဂိုးစီ သရေကစားထားပြီး ဒုတိယပွဲတွင် ဆလိုဗက်ကီးယားကို နှစ်ဂိုးပြတ် အနိုင်ရရှိထားသဖြင့် လေးမှတ်ရရှိနေပြီး အုပ်စုထိပ်ဆုံး၌ ရပ်တည်နေသည်။ နယူးဇီလန်က အဖွင့်ပွဲ၌ ဆလိုဗက်ကီးယားကို တစ်ဂိုးစီသရေ၊ အီတလီကိုလည်း တစ်ဂိုးစီ သရေ ကစားထားသဖြင့် နှစ်မှတ်ရရှိနေသည်။ နယူးဇီလန်က အုပ်စုမှတက်ရန် ပါရာဂွေးကို အနိုင်ကစားမှ မျှော်လင့်နိုင်မည်ဖြစ်ရာ ခြေကုန်ထုတ်တော့မည်ဖြစ်သည်။ နယူးဇီလန်အသင်းသည် ခြေမှန်ပြီးကစားအားညီသည်။ တိုက်စစ်မှူးများက ဂိုးသွင်းစွမ်းရည် မထက်မြက်သော်လည်း အဆုံးသတ် သေချာသူများဖြစ်သည်။ နယူးဇီလန်၏ အင်အားအကောင်းဆုံးမှာ နောက်တန်းပင်ဖြစ်သည်။ နယ်လ်ဆင်၊ ဘိုယန်၊ တိုနီနှင့် စမစ်တို့က စနစ်တကျဖြင့် တိုက်စစ်မှူးများ ထိုးဖောက်မှုကို ကာကွယ်နိုင်ကြသည်။ အချင်းချင်း နားလည်မှုလည်းရှိကြသည်။ သို့သော် နယူးဇီလန်ကွင်းလယ်မှ ခရစ်စကီး၊ အီလော့နှင့် ဘာရွန်တို့က အထက်အောက်ချိတ်ဆက်မှု၌အားနည်းသည်။ တိုက်စစ်တွင် လိုက်ပါနိုင်သော်လည်း ဖန်တီးပေးနိုင်မှုက အပိုအလိုများ ဖြစ်နေတတ်သည်။

ပါရာဂွေးက တိုက်စစ်-ခံစစ်မျှသည်။ ခံစစ်တွင် ရိုဒရီဂွတ်ဇ်၊ ဒါဆေးလ်ဗား၊ ဘိုနက်တို့က တစ်ဖက်အသင်းတိုက်စစ်ကို မာမာတင်းတင်း ကာကွယ်နိုင်သည်။ ဆုံးဖြတ်ချက်ပြတ်သားပြီး ဘောလုံးနှင့် ရှင်းထုတ်ရာတွင်လည်း မြန်ဆန်သပ်ရပ်သည်။ ပါရာဂွေး တိုက်စစ်မှူးများဖြစ်သည့် လူကပ်စ်၊ ဂါမာရာ၊ ကာဒိုဇိုနှင့် ဆန်တာခရုဇ်တို့က ထိုးဖောက်တိုက်စစ်ဆင်မှု၌ အတွဲညီကြသည်။ ကြံ့သလို ဂိုးသွင်းနိုင်ကြသည်။ ကွင်းလယ်အားကိုယူကာ တစ်ဖက်ခံစစ်ကြောင်းကို လှုပ်နိုင်ကြသူများဖြစ်ရာ နယူးဇီလန်တို့ အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့သွားရနိုင်သည်။ ပါရာဂွေးတို့ကလည်း အုပ်စုအဆင့်မှ သိက္ခာရှိရှိ တက်ရောက်နိုင်ရေးအတွက် နယူးဇီလန်ထံမှ သုံးမှတ်ယူမည့် အနေအထားရှိနေသည်။

ဆလိုဗက်ကီးယားနှင့် အီတလီ

အုပ်စု(စ)မှ ဆလိုဗက်ကီးယားတို့ နှစ်ပွဲကစားပြီး တစ်မှတ်သာရရှိထားသည်။

အီတလီအုပ်စုတက်ရေး အီရာကွင်တာ စွမ်းဆောင်ပေးနိုင်ပါ့မလား။

အယ်လ်ဂျီးရီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့ပြီး အမေရိကန်ကို နှစ်ဂိုးစီသရေကျထားသည့် ဆလိုဗက်ကီးယားတို့၏ခြေစွမ်းက အားရဖွယ်မရှိချေ။ ကစားအားကောင်းသော်လည်း တိုက်စစ်ဆင်မှုအပိုင်း၌ ပါးနပ်မှုမရှိကြ။ ဆက်တစ်၊ ဂျန်ဒရီဆက်တို့၏ အဝေးမှ လျှပ်တစ်ပြက်ကန်သွင်းမှုများက အားပါပြင်းထန်သော်လည်း မထိရောက်။ ဆလိုဗက်ကီးယားတို့ ကွင်းလယ်အဖျက်အားနှင့် ဘောလုံးဖြန့်ဝေမှုအပိုင်း၌ အားကောင်းသည်။ အထက်အောက်ကစားနိုင်သလိုတောင်ပံတိုက်စစ်ကိုအသုံးချတိုက်စစ်ဆင်နိုင်သည်။ အီတလီတို့လက်ရှိခြေစွမ်းနှင့် ဆလိုဗက်ကီးယားကို အလွယ်တကူ ဖြတ်ကျော်နိုင်ဖို့ မလွယ်ချေ။

အီတလီတို့ကလည်း အဖွင့်ပွဲစဉ်၌ ပါရာဂွေးကိုတစ်ဂိုးစီသရေနှင့် နယူးဇီလန်ကို တစ်ဂိုးစီသရေကစားထားသဖြင့် အုပ်စုမှ တက်ရောက်ရန် ယခုပွဲရလဒ်က အဖြေပေးတော့မည်ဖြစ်သည်။ လက်ရှိကမ္ဘာ့ဖလား ချန်ပီယံအီတလီတို့ ခြေစွမ်းကလည်း ဆလိုဗက်ကီးယားကို ပြတ်ပြတ်သားသား အနိုင်ရရန် သံသယဖြစ်စရာ ကောင်းနေသည်။ ဂီလာဒီနို၊ ဖာဘီရိုနှင့် ကွင်တာတို့ကလည်း ရှေ့တန်း၌ ယခုအချိန်အထိ စွမ်းဆောင်နိုင်မှုအားရဖွယ်မရှိချေ။ ကွင်းလယ်မှ ရော့စီ၊ ကာမိုရာစီနီတို့က ကစားကွက်ကိုဖန်တီးကာ တိုက်စစ်ကိုလိုက်ပါပံ့ပိုးနိုင်သူများဖြစ်သည်။ အီတလီ ခံစစ်ပိုင်းက နှစ်ပွဲကစားပြီး နှစ်ဂိုးပေးထားသည်ဖြစ်ရာ ပြုပြင်ရဦးမည်။ သို့သော် အီတလီတို့လက်ရှိအခြေအနေမှလွန်မြောက်အောင် နယူးဇီလန်ကို သမ္ဘာနှင့်ဝါတို့ဖြင့် ထိန်းကာ အနိုင်သုံးမှတ်ရရေး ကြိုးစားသွားမည့် ရွေးချယ်မှုမှတစ်ပါး အခြားမရှိနိုင်။

ကင်မရွန်းနှင့် နယ်သာလန်

အုပ်စု(င)မှ ကင်မရွန်းတို့ နှစ်ပွဲကစားပြီး နှစ်ပွဲစလုံးရှုံးထားသည်။ နယ်သာလန်တို့ နှစ်ပွဲကစားပြီး ခြောက်မှတ်အပြည့် ရရှိထားရာ အုပ်စုမှ နောက်တစ်ဆင့်တက်ရေး သေချာနေပြီဖြစ်သည်။ ကင်မရွန်းတို့ ယခုပွဲ၌ ဂုဏ်သိက္ခာအတွက် ကစားရမည်ဖြစ်ရာ အုပ်စုမှတက်ရေး မျှော်လင့်ချက်မရှိသော်လည်း နယ်သာလန်ကို ကစားအားလျှော့မည် မဟုတ်ချေ။ ကင်မရွန်းတို့ အာဖရိကမြေ၌ ကျင်းပသည့် ကမ္ဘာ့ဖလားပွဲ၌ ပွဲစဉ်တစ်ပွဲမျှ မနိုင်ခဲ့ဟူသောဖြစ်ရပ်မျိုးမှတ်တမ်းတင်မကျန်ရစ်အောင်ကြိုးစားမည်မှာ အမှန်ပင်ဖြစ်သည်။

နယ်သာလန်တို့က ဒိန်းမတ်ကို နှစ်ဂိုး၊ ဂျပန်ကို တစ်ဂိုးသွင်းယူခဲ့သည့် ခြေစွမ်းအတိုင်းဆိုလျှင် ကင်မရွန်းကို အနိုင်ကစားမည်သာဖြစ်သည်။ နေရာအလိုက်တွင် နယ်သာလန်ကစားအားကို ကင်မရွန်းတို့ မယှဉ်နိုင်။ စနိုက်ဒါ၊ ဗန်ဒါဗတ်၊ အက်ဖီလီတို့က ကွင်းလယ်ကစားအားကို စီးမိုးထားနိုင်သည်။ ကင်မရွန်းနောက်တန်းကို ကွင်းလယ်မှ ဖြတ်တောက်ထားနိုင်သလို တောင်ပံတိုက်စစ်အားပျော့အောင်လည်းစွမ်းဆောင်နိုင်သည်။ ဒရက်ကွတ်ဇ်၊ ဗန်ပါစီ၊ဟန်တေလာတို့ကလည်း ကင်မရွန်းနောက်တန်းကို အချိန်မရွေး ဖြတ်ကျော်နိုင်ကြသူများဖြစ်ရာ နိုင်ပွဲရလဒ်မှာ နယ်သာလန်တို့နှင့် ထိုက်တန်သကဲ့သို့ ကင်မရွန်းတို့ကသရေရလဒ်ကို မျှော်ကိုးနိုင်ပါသည်။

နယ်သာလန်အတွက် ဗန်ပါစီ ဂိုးသွင်းပေးဦးမှာလား။

ဒိန်းမတ်နှင့် ဂျပန်

အုပ်စု(င)မှ ဒိန်းမတ်တို့ နယ်သာလန်ကို နှစ်ဂိုးပြတ်ရှုံးပြီး ကင်မရွန်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသဖြင့် သုံးမှတ်ရရှိထားသည်။ ဂျပန်ကလည်း ကင်မရွန်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပွဲရရှိထားပြီးနယ်သာလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးထားသည်ဖြစ်ရာ သုံးမှတ်ရရှိနေသည်။ အုပ်စု(င)၌ ဒိန်းမတ်နှင့် ဂျပန်တို့ သုံးမှတ်စီတူညီနေသည်။ ဂိုးကွာခြားချက်၌ ဂျပန်က သွင်းဂိုးတစ်ဂိုး၊ ပေးဂိုးတစ်ဂိုးရှိနေပြီး ဒိန်းမတ်က

ဂျပန်တိုက်စစ်မှူး အိုကူဘို နိုင်ပွဲရလဒ် ဖန်တီးပေးမှာလား။

သွင်းဂိုးနှစ်ဂိုး၊ ပေးဂိုးနှစ်ဂိုးရှိနေရာ ဂိုးကွာခြားချက်အရ အမှတ်တူသော်လည်း ဂျပန်တို့ အခွင့်အရေးသာနေသည်။ ဒိန်းမတ်အသင်းက ကစားကွက်တည်ငြိမ်ပြီး တစ်ဖက်အသင်း၏ အားနည်းချက်ကိုကြည့်ကာ ထိုးဖောက် ဂိုးသွင်းနိုင်သည်။ ဘင့်တနာ၊ လာဆင်နှင့် သောမတ်ဆင်တို့က တိုးအား၊ သွင်းအားမကောင်းသော်လည်း အဆုံးသတ် သေချာသူများ ဖြစ်သည်။ ဂျပန်တို့ကလည်း စုစည်းမှုကောင်းသည်။ ကွင်းလယ်မှ စတင်ကာ တိုက်စစ်စတင်နိုင်သူများဖြစ်ရာ ဒိန်းမတ်နောက်တန်းကို ဖြတ်ကျော်ဂိုးသွင်းနိုင်မှုအားကို ကြည့်ရမည်။ ယခုပွဲ အနိုင်ရသည့်အသင်း အုပ်စုတက်မည်ဖြစ်ရာ ရေကုန်ရေခန်းကစားမည့်ပွဲပင် ဖြစ်သည်။ အာရှမှ တောင်ကိုရီးယားတို့ အုပ်စုမှ နောက်တစ်ဆင့်တက်ရောက်သွားပြီဖြစ်ရာ ဂျပန်တို့ စိတ်ဓာတ်အင်အားကို တွန်းတင်လိုက်သကဲ့သို့ ဖြစ်နေ၍ နိုင်ပွဲအခွင့်အရေးမှာ ညီမျှမှုရှိနေသည်က အမှန်ပင်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် မြို့မဈေးကြီးနှင့် ဗိုလ်ချုပ်လမ်းဘေးရှိ ဈေးဆိုင်ခန်းများ မီးဘေးကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် မီးသတ်ကားများ အလွယ်တကူ ဝင်ထွက်သွားလာနိုင်ရန် ဇွန် ၂၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်ထွန်းရီတို့ ကြည့်ရှုစစ်ဆေးစဉ်။ (၁၅၅)

ဇွန် ၁၂ ရက်က ကွမ်းလုံမြို့မဈေး မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဈေးအတွင်း ဆိုင်ခန်းများ၊ အသားရောင်းဆိုင်များ သန့်ရှင်းသပ်ရပ်စွာရောင်းချမှုရှိစေရေး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဇော်ထွန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ် ပြန်/ဆက်)



အာရှသားတောင်ကိုရီးယားတို့ နောက်တစ်ဆင့်နိုင်

အာဂျင်တီးနားတို့ အုပ်စုပထမဖြင့် ရှုံးထွက်အဆင့်တက်

မောင်ချစ်ကြည် - ရေးသားသည်

ကိတ်ဗ်တောင်း ဇွန် ၂၃

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ ပွဲစဉ်(၃၅)အဖြစ် နိုင်ဂျီးရီးယားနှင့် တောင်ကိုရီးယား၊ ပွဲစဉ်(၃၆) အဖြစ် အာဂျင်တီးနားနှင့် ဂရိတို့ တစ်ချိန်တည်း တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ကြိုးစား

အုပ်စု(ခ)၌ နှစ်ပွဲကစားပြီး သုံးမှတ်ရရှိထားသော တောင်ကိုရီးယားနှင့် နှစ်ပွဲကစားပြီး အမှတ်မရရှိသေးသော နိုင်ဂျီးရီးယားတို့ပွဲက အကြိတ်အနယ်ရှိခဲ့သည်။ တောင်ကိုရီးယားတို့ အုပ်စုမှနောက်တစ်ဆင့်တက်ရေး အမှတ်လိုအပ်နေရာ တိုက်စစ်ဖွင့်ကာ ခြေကုန်ထုတ်ကြိုးစားခဲ့သည်။

အဖွင့်ဂိုး

တောင်ကိုရီးယားတို့က ၄း၄း၂ အခင်းအကျင်းဖြင့် ပွဲထွက်ခဲ့သကဲ့သို့ နိုင်ဂျီးရီးယားတို့ကလည်း ၄း၃း၃ အခင်းအကျင်းဖြင့် ရင်ဆိုင်ခဲ့သည်။ တောင်ကိုရီးယားတို့ ပွဲစတင်ကတည်းက တိုက်စစ်အရှိန်မြှင့်တင်ခဲ့သည်။ နိုင်ဂျီးရီးယားတို့ တန်ပြန်တိုက်စစ်ဖွင့်ခဲ့ရာ ပွဲချိန် ၁၂ မိနစ်၌ နိုင်ဂျီးရီးယားမှ ဘယ်အစွန်လူ အိုဒီယားပေးလိုက်သည့်ဘောလုံးကို အူချီက အပိုင်ကန်သွင်းယူခဲ့သဖြင့် နိုင်ဂျီးရီးယားတို့ အဖွင့်ဂိုးရရှိခဲ့သည်။ နိုင်ဂျီးရီးယားတို့ တောင်ကိုရီးယားဘက်သို့ ဆက်လက်ထိုးဖောက်ခဲ့သည်။

ဒုတိယဂိုး

တောင်ကိုရီးယားတို့က နိုင်ဂျီးရီးယားနောက်တန်းကို ဖြတ်ကျော်ရန်ကြိုးစားခဲ့ရာ မိနစ် ၃၀ ၌ ကီဆွန်ယန်း အနေတော်မတင်ပေးလိုက်သည့် ဘောလုံးကို လီဂျန်ဆိုးက ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိသွားခဲ့သည်။ တောင်ကိုရီးယားတို့ နေရာစုံမှထိုးဖောက်ခဲ့ရာ ဒုတိယပိုင်းပွဲအစ ၄၉ မိနစ်၌ အလွတ်တည်ကန်ဘောမှ တစ်ဆင့် ဂျူယောင်က ဒုတိယဂိုး သွင်းယူခဲ့သည်။

သရေ

နိုင်ဂျီးရီးယားတို့ ပွဲချိန် ၅၆ မိနစ်၌ တိုက်စစ်မှူး ကနူးအစား မာတင်ဝင်ရောက်ကစားခဲ့သည်။ မာတင်ဝင်ရောက်လာပြီးနောက် နိုင်ဂျီးရီးယားတိုက်စစ်လည်း အသက်ဝင်လာကာ ပွဲချိန် ၆၉ မိနစ်၌ နိုင်ဂျီးရီးယားတို့ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့သည်။ ယင်းပြစ်ဒဏ်ဘောကို တိုက်စစ်မှူးယာကူဘူက ကန်သွင်းယူခဲ့သဖြင့် နိုင်ဂျီးရီးယားတို့ နှစ်ဂိုးရရှိပြီး သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားဘက်သို့ ဂိုးသွင်းပြီးနောက် တောင်ကိုရီးယားမှ ကင်ဂျန်ဝူးနှင့် ကင်ဒေါင်ဂျင်တို့ ဤသို့ အောင်ပွဲခံခဲ့ကြသည်။

အုပ်စု(ခ)တွင် နိုင်ဂျီးရီးယားတို့ သုံးပွဲကစားပြီးနောက် တစ်မှတ်သာရရှိသဖြင့် ပြိုင်ပွဲမှ ထွက်ခဲ့ရပြီး တောင်ကိုရီးယားတို့ အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်တက်သွားပြီဖြစ်သည်။

လူစုံတက်စုံ

အာဂျင်တီးနားနှင့် ဂရိတို့ ပီတာမိုကာဘာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပရိသတ် ၃၈၈၉၁ ဦး ကြည့်ရှုအားပေးခဲ့ကြသည်။ အာဂျင်တီးနားအသင်းသည် ဂိုး - ရိုမီရိုနှင့်အတူ ဒီမီချီလစ်၊ ရိုဒရီဂွက်ဇ်၊ ဘာဒစ်ဆို၊ ဗီရွန်၊ မက်ဆီ၊ မက်ဇီ၊ အဂွီရို၊ မီလီတိုတို့ဖြင့် လူစုံတက်စုံ ပွဲထွက်ခဲ့သည်။

ဂရိအသင်းကလည်း အရေးပါသောပွဲစဉ်ဖြစ်သည့်အတွက် ဂိုး - တီဇိုရ်ဗက်စ်နှင့်အတူ မိုရက်စ်၊ တိုရိုဆီဒစ်၊ ကိုင်ဂီယာကို့စ်၊ ကာရာဂိုနစ်၊ ကက်ဆိုရာနစ်၊ ဆာမာရက်စ်တို့ဖြင့် လူစုံထုတ်ကစားခဲ့ကြသည်။

ဂိုးမသွင်းနိုင်ခဲ့

ပွဲစလျှင် စချင်း တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြသည်။ အာဂျင်တီးနားအသင်းက ပိုမိုထိုးဖောက်ခွင့်ရပြီး ဂရိအသင်းကမူ တန်ပြန်တိုက်စစ်ဖြင့် ထိုးဖောက်ရန် ကြိုးစားခဲ့သည်။ ပထမပိုင်းပြီးသည်အထိ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ကြချေ။

အုပ်စုပထမ

ပွဲချိန် မိနစ် ၇၀ ကျော်တွင် အာဂျင်တီးနားတို့ ကစားကွက် အသာစီးရလာပြီး ပွဲချိန် ၇၇ မိနစ်တွင် ဒီမီချီလစ်က ဖွင့်ဆော်ဦးဂိုး၊ ပွဲချိန် ၈၉ မိနစ်တွင် ပါလာမိုက ဒုတိယဂိုး သွင်းယူနိုင်ခဲ့သဖြင့် ဂရိအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး အုပ်စုပထမဖြင့် ရှုံးထွက် အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ။ **(အင်တာနက်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ စက်ရုံစုရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၆၂၅) တွင် ပါတီရုံးချုပ်တည်ရှိသော မြို့တိုင်းရင်းသားပါတီက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၆-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြို့တိုင်းရင်းသားပါတီ၏ အလံပုံစံ



မြို့တိုင်းရင်းသားပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သီပေါမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

သီပေါ ဇွန် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆင့်ပွားသင်တန်းကို ဇွန် ၂၁ရက် နံနက် ၈နာရီက မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များတက်ရောက်ကြပြီး ကျောက်မဲခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းဝင်းက အမှာစကားပြောကြား၍ သီပေါမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ကြပြီး သင်တန်းတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ဆွေ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးစိုင်းမြင့်အောင်၊ ဒေါ်လှလှဝင်းနှင့် အတွင်းရေးမှူး ဦးလှမင်းထွန်းတို့က ရွေးကောက်ပွဲဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပို့ချကြသည်။ (၀၂၀)

ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

အာကာဟိန်း စုစည်းသည်

ယုံကြည်မှုရှိနေကြောင်း ပတ်ဂျီဆန်ပြောကြား

တောင်ကိုရီးယားအသင်းသည် နိုင်ဂျီးရီးယားကို နှစ်ဂိုးစီသရေကျပြီး တစ်မှတ်ရရှိခဲ့ကာ အုပ်စုနောက်တစ်ဆင့်တက်ရောက်သွားသဖြင့် မိမိတို့သည် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပွဲ၌ အောင်မြင်မှုမျိုး ပြန်လည်ရရှိတော့မည်ဟု ယုံကြည်မှုရှိနေကြောင်း တောင်ကိုရီးယားအသင်းခေါင်းဆောင် ပတ်ဂျီဆန်က ဇွန် ၂၃ ရက်၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားလိုက်သည်။

အုပ်စုမှထွက်ရသော်လည်း ကျေနပ်ဟု ပရဲရားပြောကြား

အိမ်ရှင်တောင်အာဖရိကအသင်း အုပ်စုမှထွက်ခဲ့ရသော်လည်း ပြင်သစ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့မှုကို ကျေနပ်ကြောင်း တောင်အာဖရိကနည်းပြ ပရဲရားက သတင်းထောက်များအား ဇွန် ၂၃ ရက်၌ ပြောကြားသည်။

အဆိုးရွားဆုံးဖြစ်ခဲ့ကြောင်း ပြင်သစ်အသင်းခေါင်းဆောင်ပြောကြား

ပြင်သစ်အသင်းသည် ၂၀၁၀ ကမ္ဘာ့ဖလားပွဲ၌ တစ်ပွဲမျှ အနိုင်မရရှိခဲ့ခြင်းမှာ ပြင်သစ်အသင်း၏ ကမ္ဘာ့ဖလားသမိုင်းတွင် အဆိုးရွားဆုံးဖြစ်ခဲ့ကြောင်း ပြင်သစ်အသင်းခေါင်းဆောင် အီဗရာက ပြောကြားသည်။

ဝမ်းမြောက်ကြောင်း မြောက်ကိုရီးယားနည်းပြပြောကြား

တောင်ကိုရီးယားအသင်း အုပ်စုမှ နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သဖြင့် မြောက်ကိုရီးယားနည်းပြက ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ထပ်တူထပ်မျှ ပီတိဖြစ်ရကြောင်း ဇွန် ၂၃ ရက်က သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားသည်။

ရှုံးပွဲမရှိခြင်းက အင်္ဂလိပ်တီးနားအတွက် အကောင်းဆုံးပြသ

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အုပ်စုပွဲသုံးပွဲစလုံး အနိုင်ကစားထားသော အာဂျင်တီးနားအသင်း၏ အနေအထားမှာ ကမ္ဘာ့ဖလားရယူရေးအတွက် အသင့်ရှိနေကြောင်း ပြသနေပြီဟု တိုက်စစ်မှူးမက်ဆီက ပြောကြားလိုက်သည်။

နယ်သာလန်အမျိုးသမီးပရိသတ်နှစ်ဦးကို ပြန်လွှတ်ပေး

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ မလုံမခြုံဝတ်စားဆင်ယင်ကာ ဘောလုံးပွဲအားပေးခဲ့သော နယ်သာလန်အမျိုးသမီးပရိသတ်နှစ်ဦးကို ထိန်းသိမ်းထားခဲ့ရာမှ ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဖီဖာတာဝန်ရှိသူများက ဇွန်၂၃ရက်၌ ပြောကြားသည်။

စည်းကမ်းတကျကစားမည့် ကာကာ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အိုင်ဗရီကို့စ်နှင့် ယှဉ်ပြိုင်ခဲ့သောပွဲတွင် အနီကတ်ဖြင့် ထုတ်ပယ်ခံရသော ဘရာဇီးကွင်းလယ်ကစားသမားကာကာက စည်းကမ်းတကျကစားသွားမည်ဖြစ်ပြီး ကွင်းလယ်ဒိုင်လူကြီးများကို အလေးထားသွားရမည်ဖြစ်ကြောင်း ဇွန် ၂၃ရက်၌ ပြောကြားသည်။

နည်းပြ၌တာဝန်ရှိကြောင်း ပြင်သစ်ပရိသတ်တောင်းဆို

ပြင်သစ်အသင်း နိုင်ပွဲတစ်ပွဲမျှမရဘဲ အုပ်စုမှထွက်ခဲ့ရသည့်အတွက် နည်းပြဒိုမင်နစ်၌ တာဝန်ရှိကြောင်း၊ အသင်းအောင်မြင်မှုရရှိရန် စည်းရုံးရေးညံ့ဖျင်းခဲ့ကြောင်း ပြင်သစ်ပရိသတ်များက ပြင်သစ်ဘောလုံးအဖွဲ့ချုပ်အား တိုင်ကြားစာများ ပေးပို့ခဲ့သည်ဟု ပြင်သစ်မီဒီယာများက ဖော်ပြသည်။ **(အင်တာနက်)**

ပြင်ဦးလွင်မြို့နယ်၌ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

ပြင်ဦးလွင် ဇွန် ၂၃

ပြင်ဦးလွင်မြို့နယ် သုံးတောင်ကျေးရွာ၌ မန္တလေးမြို့ မျက်ပါးရပ်နေ အလှူရှင် ဦးထွန်းဝင်း-ဒေါ်တင်မြ (ဒို့လယ်သမားရွှေဆိုင်းနှင့် ငွေပဒေသာရွှေဆိုင်း)မိသားစု ဆောက်လုပ်လှူဒါန်းသော ပေ၆၀× ပေ ၃၀ ကျောင်းဆောင်သစ်နှစ်ဆောင်၊ သံတံခါး၊ အုတ်တံတိုင်း၊ နိုင်ငံတော်အလံ၊ ရေစင်၊ သင်ထောက်ကူပစ္စည်းများနှင့် သုံးတောင်ကျေးရွာ ပြည်သူများ ဆောက်လုပ်လှူဒါန်းသော ပေ ၈၀×ပေ ၃၀ ကျောင်းဆောင်သစ်တစ်ဆောင်တို့အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၂၁ရက် နံနက် ၉နာရီက အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ပညာရေးမှူး ဒေါ်ဌေးဌေး၊ သုံးတောင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးလိန်ထန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇော်ဇော်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ဌေးဌေး၊ ပြင်ဦးလွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ အလှူရှင် ဦးထွန်းဝင်းကကျောင်းဆောင်သစ်ဆောက်လုပ် လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီးနောက် သုံးတောင်ကျေးရွာ ရပ်မိရပ်ဖများကိုယ်စား ဦးသန်းဆွေက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် အလှူရှင် ဦးထွန်းဝင်း-ဒေါ်တင်မြ (ဒို့လယ်သမား ရွှေဆိုင်းနှင့် ငွေပဒေသာရွှေဆိုင်း)မိသားစုက ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ မှတ်တမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်ဌေးဌေးထံ လွှဲပြောင်းပေးအပ်ပြီး မြို့နယ်ပညာရေးမှူးဒေါ်ဌေးဌေးက ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

ထန်းတပင်မြို့နယ်၌ စီမံကိန်းတာဝန်များပေးအပ်

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ၂၀၁၀-၂၀၁၁ စီမံကိန်းရည်မှန်းချက် တာဝန်များပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးက အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ တက်ရောက်လာသော ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ရပ်ကွက်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးဇော်ဝင်းအောင်က စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရေးကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်

ထို့နောက် မြို့နယ်အတွင်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးတာဝန်များ ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးက မြေစာရင်းဦးစီးမှူး ဦးစိန်ညွန့်ထံ ပေးအပ်သည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကမာဝက်ကျေးရွာ ကျိုက်တမော့ကြီး အဝင်လမ်း ကတ္တရာလမ်းခင်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဇွန် ၁၁ရက်တွင် အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကလေးမြို့၌ မိုးရာသီ သစ်ပင်စိုက်ပျိုး

ကလေး ဇွန် ၂၃

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၉ရက် နံနက် ၈နာရီက ကလေး-ကလေးဝ ကားလမ်းမိုင်တိုင် ၅/၂ မှ ၅/၆တွင် ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်အောင်စန်းချစ်နှင့် တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်း၊ ကလေးခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်း၊ မြို့နယ်သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးလွင်-၂နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၈၅၀တို့က ကျွန်းပျိုးပင် ၂၀၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။

(ခရိုင် ပြန်/ဆက်)

ချောက်မြို့နယ်အသင်း (ရန်ကုန်) ဒုတိယအကြိမ် စုပေါင်းလှူဒါန်းပွဲ

ရန်ကုန် ဇွန် ၂၃

ချောက်မြို့နယ်အသင်း (ရန်ကုန်)၏ ဒုတိယအကြိမ် စုပေါင်းလှူဒါန်းပွဲကို ဇွန် ၂၆ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အတူတကွ လှူဒါန်းရေစက်ချ တရားနာယူရန်နှင့် နံနက်စာ မြန်မာထမင်းညှော်ခံခြင်းတို့ကို ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ မင်္ဂလာသိင်္ဂီကျောင်း (မွေ့သုခတိုက်)၌ ကျင်းပမည်ဖြစ်ရာ ချောက်မြို့နယ်သူ၊ မြို့နယ်သားများအားလုံး တက်ရောက်ကြရန် အသင်းအမှုဆောင်အဖွဲ့က ဖိတ်ကြားနှိုးဆော်ထားသည်။

(၁၁၃)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံမှုရှိစေရေးအတွက် ဈေးအတွင်း လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားရှိမှု စနစ်ကို ဇွန် ၁၂ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသိန်းက လုံခြုံရေးမီးလိုင်းနှင့် အုပ်ချုပ်မှုမီးလိုင်းများ ခွဲခြားထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဇွန် ၁၅ရက်က နမ့်ခမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေကျပ် ၅၄ ဒသမ၃သိန်းဖြင့် ဆောင်ရွက်နေသော မြို့သာယာလှပရေးလုပ်ငန်းဖြစ်သည့် မြို့နယ်ပြည်သူ့ဆေးရုံလမ်း အရှည် ပေ ၁၉၇၀ရှိ လမ်းဘေးဝဲယာကပ်တုံးများ ပြုလုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်း ရှင်းလင်းတင်ပြစဉ်။ (၁၂၃)

THREE FRIENDS CONSTRUCTION CO., LTD.
CONSTRUCTION, DESIGN, DECORATION & ENGINEERING

15th June 2010 ... 5% to 15% Discount နှင့် Home Appliance ... Automatic Airfresher ...)

☑ ... Thaiply) ☑ ...
☑ Modern Furniture ... (MDF, PLy, Chip, Teak) ☑ ... ☑ ... Composite ...
☑ ... ☑ Rollershutter ...
☑ ... (Home Renovation) ☑ ... ☑ Architectural Design ...
☑ ... Wallpaper ☑ ... Floor ... (8mm =125000 ... , 12mm = 180000 ...)
... PAE ...

44A(1) ... ☎ 01- 201478, 294864, 298341, 298161, 397301, 397302.
... 09-86-21693, 09-49-206153.

KHAING KHAING SANGA DA MOTORCAR MFD CO.,LTD.

SD - 01R. ... 9' (CAR MODEL 2010)
SD - 02. ... 11' (CAR MODEL 2009)
KK JAC. ... 13' 3" (CAR MODEL 2009)

KHAING KHAING SANDA MOTORCAR BRAND NEW " ... " ...

ADDRESS : NO.148, PYAY ROAD, (A-1 ...), MAYANGONE TSP, YANGON, TEL : 660871, 09 8645893
NO. 79/80, THARDUKAN INDUSTRIAL ZONE (3), SHWE PYI THAR TSP, YANGON, HP : 09 51 08819 , 611351, 611229,

ဖခင်အမည်မှန်

ကချင်ပြည်နယ် မိုးကောင်းမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မမေသူအောင်၏ ဖခင်အမည်မှန်မှာ ဦးမန်းမော် ၁/မကတ(နိုင်)၀၂၉၇၃၂ ဖြစ်ပါသည်။

ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်

၁၃-၆-၂၀၁၀ရက်တွင် ဖွင့်လှစ်ပြီးခဲ့သော ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ပန်းတင်းတိုက်နယ် ငါ/မောက်ချောင်းကျေးရွာ အထက်တန်းကျောင်းဆောင်သစ်ကြီးကို ကျပ်သိန်း ၇၅၀ကျော်လှူဒါန်း၍ ပြီးမြောက်အောင် တည်ဆောက်ခြင်းနှင့် အခြေခံပညာအထက်တန်း စာမေးပွဲကို ၄၅ရာခိုင်နှုန်း အောင်မြင်အောင် ကူညီဆောင်ရွက်ပေးခဲ့သော ဦးကျောက်တောင်-ဒေါ်မချေ နေလသစ္စာဆောက်လုပ်ရေးဂရုကုမ္ပဏီ လီမိတက်အား ကျေးဇူးတင်ပါကြောင်းနှင့် သက်ရှည်ကျန်းမာစွာဖြင့် ဒေသအတွက် ဆတက်ထမ်းပိုး တာဝန်များ ဆက်လက်ထမ်းဆောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပန်းတင်းတိုက်နယ်သူ၊ တိုက်နယ်သားများ
တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကတ/၁၉၆၂၈ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးပယ်ကျင့်ဟောက် ၁၃/တခလ(နိုင်)၀၉၀၅၂၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ခရိုင်ရုံး)၊တာချီလိတ်။**

အမည်ပြောင်း

အဖ ဦးကျော်သင်းနိုင်၏ သားနှင့်သမီးများဖြစ်ကြသော ဗန်းမော်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ကျော်လင်းအောင်အား မောင်ကောင်းမြတ်ဦးဟုလည်းကောင်း၊ ဆဋ္ဌမတန်း(A)မှ မစမ်းစမ်းအေးအား မသင်းသန္တာလတ်ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းမြတ်ဦး၊
မသင်းသန္တာလတ်။

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မှ ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမိုးမြင့် ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ယာဉ်ထိန်း) ပါဝင်သော ပူးပေါင်းအဖွဲ့ ဇွန် ၁၇ရက်က အတ္တရံတံတား(မော်လမြိုင်)အနီး မော်လမြိုင်-ကျိုက်မရောလမ်းပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းစေရေး ရှောင်တခင်စစ်ဆေး ဆောင်ရွက်စဉ်။ (ပြည်နယ်ကညန)

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၄၂၈၉၆ စူပါကပ် 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆောင်မျှော် ၁၃/မဆတ(နိုင်)၀၄၉၇၈၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ခရိုင်ရုံး)၊မူဆယ်။**

မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မမ/၄၃၈၄၉ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်း ၆/ကသန(နိုင်)၀၅၇၁၅၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ခရိုင်ရုံး)၊ကော့သောင်း။**

ဩဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင်

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် အဘိဓမ္မာသင်တန်းကြီးကြပ်ရေးအဖွဲ့၏ ဩဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင်ကို ၂၀၁၀ခုနှစ် ဇွန် ၂၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီအချိန်တွင်ကျင်းပမည်ဖြစ်ရာ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် အဘိဓမ္မာသင်တန်းသားများ တက်ရောက်ပြီး ၂၀၀၉ခုနှစ်အတွင်း ကျင်းပခဲ့သော အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်နှင့် မဟာသရဏဂုံစာမေးပွဲများ၌ အောင်မြင်သူများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အဘိဓမ္မာသင်တန်းကြီးကြပ်ရေးအဖွဲ့။

သစ်မွှေးပျိုးပင်အရောင်း

ကချင်ပြည်နယ်၊ သစ်မွှေးပျိုးပင်ပေါက် မျိုးကောင်းမျိုးသန့်များ ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၂၄၀၀၃၃၈၊ မြစ်ကြီးနားမြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၁၄၂၊ မြေကွက်တည်နေရာအမှတ်-၁၄၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဒုတိယဗိုလ်မှူးကြီးတင့်ဆွေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒုတိယဗိုလ်မှူးကြီးတင့်ဆွေနှင့်ဇနီးဖြစ်သူ ဒေါ်လီလီဆွေတို့ အသီးသီး ကွယ်လွန်ခဲ့ကြသဖြင့် သားသမီးများဖြစ်ကြသော (၁) ဒေါ်သန္တာဆွေ ၁၂/မဂဒ(နိုင်)၀၁၅၂၁၇၊ (၂) ဒေါ်ဆွေဆွေတင့် ၁၂/မဂဒ(နိုင်)၀၁၅၂၁၈၊ (၃) ဦးဇော်မိုင် ၁၂/မဂဒ(နိုင်)၀၅၃၄၈၀တို့သုံးဦးက သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

အမည်ပြောင်း

အဖ ဦးအောင်နိုင်၏သမီး ပြည်မြို့ အထက(၁) အဋ္ဌမတန်း(C)မှ မသဲနုစိုးအား မသော်တာမိုးမြင့်ဟု ပြောင်းလဲခေါ်ပါရန်။ **မသော်တာမိုးမြင့်။**

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

အဝတ်လျှော်စက်၊ ရေခဲသေတ္တာနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန်အတွက် အကျင့်စာရိတ္တကောင်းမွန်၍ အရည်အချင်းပြည့်ဝသော အောက်ပါဝန်ထမ်းများ အမြန်အလိုရှိသည်။

၁။ Technician (ကျား) ၂ ဦး
၂။ Account (မ) ၁ ဦး

စိတ်ပါဝင်စားသူများ ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း (က) အလုပ်သမားမှတ်ပုံတင်မှုရင်း၊ (ခ) ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊ (ဂ) ဓာတ်ပုံနှစ်ပုံ၊ (ဃ) ပညာအရည်အချင်းနှင့်ပတ်သက်သည့် အထောက်အထားအပြည့်အစုံ၊ (င) အိမ်ထောင်စုစာရင်း၊ (စ) ရပ်ကွက်တွင်နေထိုင်ကြောင်းထောက်ခံစာ၊ (ဆ) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာတို့နှင့်အတူ ရုံးချိန်အတွင်း (တနင်္လာနေ့မှအပ) အောက်ပါလိပ်စာသို့ လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်-
(Elba) လျှပ်စစ်ပစ္စည်းပြုပြင်ရေးလုပ်ငန်း
အခန်း-၂၊ အမှတ် ၂၈၊ အောင်သပြေလမ်း၊
သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

သဘာဝဘေး ကြိုတင်ကာကွယ်ရေး အသိများ၊ ကြိုတင်ဆောင်ရွက်သင့်သည့် နည်းလမ်းများ ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ပညာပေးလှုံ့ဆော်

ရာသီဥတု၊ အချိန်ပေါ်မူတည်၍ စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေး မျိုးစပါး၊ ကျွဲ၊ နွား၊ ထွန်ယက်ကိရိယာများကို သင့်လျော်သလို ထောက်ပံ့ဖြည့်ဆည်းပေးသွားမည်

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုဏ္ဏားကျွန်း ဘူတာနှင့် ယိုးတရုတ် ဘူတာကြားရှိ ရထားလမ်း ပြန်လည်ပြုပြင် ပြီးစီးမှု နှင့် ရထားပြန်လည် ပြေးဆွဲနိုင်ရေး ဆောင်ရွက် ထားရှိမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇွန် ၂၃

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇွန် ၂၂ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၁၀နာရီ ၁၅မိနစ်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✱

24-6 (20).pmd 1 6/24/2010, 1:51 AM